# Voice of Burma

*Published by Voice of Burma Information Group*  *Issue No. 719  July 19, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

## စွဲဆိုထားတဲ့ ဒီတရားခွင်ဟာ လုံးဝမျှတမှုမရှိဟု ဒေါ်အောင်ဆန်းစုကြည်ပြောဆို

**VOA ၊ ဂျူလိုင် ၁၇ ။** ။ အင်းစိန်ထောင်တွင်း တရားစွဲဆိုခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ အကျိုးဆောင်ရှေ့နေတွေဟာ ဒီကနေ့ နေ့လယ်ပိုင်းက အင်းစိန်ထောင်တွင်း ညှိ့ရိပ်သာဆောင်တခုမှာ ၂ နာရီကြာ တွေ့ခွင့်ရခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှေ့နေကြီးဦးဉာဏ်ဝင်းက VOA ကိုအခုလိုပြောပြပါတယ်။

“အဓိကအားဖြင့်တော့ ကျနော်တို့ final argument ပါပဲ။ final argument ရဲ့ second draft ကို ကျနော်တို့ ဝိုင်းပြီးတော့ ဆွေးနွေးပြီးတော့ ပြင်ကြတာပါ။ ဒီလိုပြောရင်းနဲ့ ကျနော်တို့ သတင်းစာရှင်းလင်းပွဲလုပ်တဲ့ ကိစ္စကိုလည်း သူပြောပါတယ်။ သတင်းစာရှင်းလင်းပွဲ လုပ်သွားတဲ့ဆီမှာ သူက သူ့အနေနဲ့ ပူးပေါင်းကူညီမှု မရှိဘူးလို့ ပြောထားတာ လုံးဝမတရားဘူး၊ ဘာကြောင့်လဲဆိုတော့ ဘယ်တုန်းကမှ ပူးပေါင်းကူညီဖို့လည်းမပြောဘူး၊ သတင်းလည်း မမေးဘူး၊ ဘာတခုမှ မမေးဘဲ ဒီလိုပြောတာက မတရားဘူး၊ နောက် အခုဖြစ်နေတဲ့ကိစ္စမှာ လုံခြုံရေး ကျိုးပေါက်လို့ဖြစ်ရတာ၊ လုံခြုံရေးနဲ့ပတ်သက်လို့ တစုံတရာ ဘာမှမဆောင်ရွက်ဘဲနဲ့ သူ့အပေါ်မှာသာ ဒီလိုစွဲဆိုတာဟာ မတရားဘူး၊ ဒါပေမယ့် သူ ဒီလိုပြောတာဟာ လုံခြုံရေးသမားတွေကို ထိခိုက်စေဖို့ပြောတာ မဟုတ်ဘူး၊ လုပ်နည်းလုပ်ဟန် မမှန်ဘူးဆိုတာကို ပြောပြခြင်းသာဖြစ်တယ်လို့ ပြောပါတယ်”။

နောက်ဆုံးလုပ်မယ့် တရားခွင်နေ့မတိုင်ခင် ပြင်ဆင်မှုတွေ လုပ်နိုင်ဖို့အတွက် ဒီကနေ့ သောကြာနေ့နဲ့မနက်ဖြန် စနေနေ့ ၂ ရက်ကို ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့အကျိုးဆောင်ရှေ့နေတွေ တွေ့ခွင့်ပေးထားတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒါပေမယ်လို့လည်း ပြင်ဆင်ဖို့ရာအချိန်က သိပ်မရတာကြောင့် မနက်ဖြန်အစား ရက်ရွှေ့ပေးဖို့ ဒီကနေ့ တောင်းခံခဲ့တဲ့အကြောင်းလည်း အခုလိုဆက်ပြောပြပါတယ်။

“ပြောချင်တာက ကျနော်တို့က အချိန်ကို တော်တော်လေးလုပြီး ပြင်ဆင်ရတယ်၊ ဆိုလိုတာက အခု ကျနော်တို့ ဒီနေ့တွေ့တယ်ဆိုရင်ဗျာ ဒီ draft မှာ ကျနော်တို့ ပြင်စရာ ပြုစရာတွေရှိတယ်၊ ပြင်စရာပြုစရာတွေဆိုတာက ကျနော်တို့လက်ရေးနဲ့ပြင်ဖို့ကိုလည်း အချိန်အများကြီး ယူရတယ်၊ ပြီးရင်လည်း ကျနော်တို့ စာရိုက်ရတယ်၊ အဲဒီတော့ အခက်အခဲက စာရိုက်တဲ့သူမှာ အခက်အခဲအများကြီးရှိပါတယ်၊ မီးမလာလို့ စာရိုက်လို့မရတဲ့အခြေအနေတွေ၊ ဒီကြားထဲက ကျနော်တို့က လုပ်ရတာ၊ အဲဒီတော့ တဖက်က ကျနော်တို့ကို ခွင့်ပြုတာက ဒီနေ့နဲ့မနက်ဖြန်၊ အန်ကယ်တို့က မနက်ဖြန် မတွေ့နိုင်ဘူး၊ ဘာမှ ပြင်ဆင်မှုမရှိဘဲနဲ့ တွေ့တာကလည်း အဓိပ္ပါယ်မရှိဘူးလေ၊ အဲဒါကြောင့် ရက်တွေ ပြင်ပေးဖို့ အန်ကယ်လ်တို့ စာထပ်တင်ခဲ့တယ်”။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နောက်ဆုံးတရားခွင် ရုံးချိန်းကို နောက်တပတ် သောကြာနေ့ ဂျူလိုင်လ ၂၄ ရက်နေ့ကို သတ်မှတ်ထားပါတယ်၊ ဒါကြောင့် ဒီတရားခွင်မှာ ဒေါ်အောင်ဆန်းစုကြည်အပေါ် မြန်မာပြည်ရဲ့ တရားရုံးတော်က ဘယ်လိုဆုံးဖြတ်ချက်ချလိုက်မလဲဆိုတာကို ပြည်တွင်းမှာလည်း စိတ်ဝင်စားနေကြသလို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရတွေ၊ လူ့အခွင့်အရေးအဖွဲ့အစည်းတွေနဲ့ မြန်မာ့အရေးစိတ်ဝင်စားသူတွေ အားလုံးကလည်း စိတ်ဝင်တစား စောင့်ကြည့်နေကြတာပါ။

ဒါ့အပြင် ဒီကိစ္စနဲ့ပတ်သက်လို့ စစ်အုပ်စုအပေါ်မှာလည်း ဖိအားပေးမှုတွေက ရှိနေတော့ အခုအချိန်ဟာ နအဖအတွက် အတော်လေး အကြပ်ရိုက်စေမယ့်အချိန်လို့လည်း ယူဆလို့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်ကတော့ သူ့အပေါ် စွဲဆိုထားတဲ့ ဒီတရားခွင်ဟာ လုံးဝမျှတမှုမရှိဘူးလို့ ခံယူထားပြီး အခါတိုင်းလို ကျန်းကျန်းမာမာပဲလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒါ့အပြင် မြန်မာပြည်မှာ တရားဥပဒေ ဘယ်လောက်စိုးမိုးမှုရှိတယ်ဆိုတာ မကြာခင် ဒီအမှုက သက်သေပြလိမ့်မယ်လို့အခုလို ပြောဆိုပါတယ်။

“ကျန်းမာရေး အခြေအနေကောင်းပါတယ်ခင်ဗျ၊ သူက အဆိုးဆုံးကို မျှော်လင့်ပြီးတော့ ပြင်ဆင်ထားပါတယ်။ ဘယ်လိုဖြစ်လာမယ် မဖြစ်လာဘူး နှုတ်က မပြောပါဘူး၊ အဆိုးဆုံးဖြစ်လာရင်လည်း ရင်ဆိုင်နိုင်ဖို့ပဲ ပြင်ဆင်ထားတဲ့ သဘောရှိပါတယ်။ ဥပဒေရှုထောင့် သဘောက ပြောရင်တော့ defense အတွက်အတော်ကို ကောင်းတဲ့အမှုပဲလို့ ကျနော်ဒီလိုပဲမြင်တယ်။ ကျနော်တို့ဆီမှာ တရားဥပဒေ စိုးမိုးမှု ဘယ်လောက်ရှိလဲဆိုတာ ဒီအမှုရဲ့ နောက်ဆုံးအဖြေကို ကျနော်တို့ကြည့်ပြီးတော့ ပြောကြရမှာပါ။ တရား

**စာမျက်နှာ ၄ သို့**

**နိုင်ငံရေးခေါင်းဆောင်တွေကိုလုပ်ကြံဘို့ နအဖက လူသတ်သမားများစေလွှတ်** — **စာမျက်နှာ ၃**

**လူထုနိုင်ငံရေးလမ်းကြောင်းကို သွားမည်ဟု ဦးဝင်းတင်ပြောဆို** — **စာမျက်နှာ ၅**

**မြန်မာ့ပြည်တွင်းရေး လုံခြုံရေးကောင်စီက ကြားဝင်ဖြေရှင်းပေးရန် တောင်းဆို** — **စာမျက်နှာ ၇**

**မြန်မာပြည်၏ လက်ရှိနိုင်ငံရေးအခြေ အနေအပေါ် လူငယ်တို့သည်းမခံနိုင်တော့ပြီ** — **စာမျက်နှာ ၁၀**

**ဒီကေဘီအေနှင့် ဟောင်သရော တပ်ဖွဲ့ဝင် ၇၀ ခန့် ကေအန်ယူနှင့် ပူးပေါင်း** — **စာမျက်နှာ ၁၈**

VOB အာဘော်

# ကုလသမဂ္ဂလှုပ်ရှားမှုပိုမိုထိရောက်ရေး

မြန်မာ့ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ တွေ့ဆုံဆွေးနွေးမှုများဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်သည့်ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ ဂျူလိုင်လဆန်းက ၂ ရက်ကြာခရီးအဖြစ် သွားရောက်ခဲ့သည်။ အာဏာကိုငမ်းငမ်းတက်တွယ်ဖက်နေသည့် စစ်ဗိုလ်ချုပ်ကြီးများကို နားချရသည့်အလုပ်သည် လွယ်ကူသည့်အလုပ်မဟုတ်ကြောင်းကို အထွေထွေအတွင်းရေးမှူးချုပ်က ခရီးစဥ်မတိုင်မီကပင် ခက်ခဲသည့်အလုပ်ဖြစ်မည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ မြန်မာပြည်သို့ လက်တွေ့ရောက်သွားသော အခါတွင်လည်း မှန်းဆချက်နှင့် လက်တွေ့ထပ်တူညီခဲ့သည်ကို တွေ့ခဲ့ရသည်။ မစ္စတာဘန်သည် အပြန်ခရီး၌ လွန်စွာစိတ်ပျက်မိပါသည်ဟုမှတ်ချက်ပေးခဲ့သည်။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်ပြုရန် နှစ်ကြိမ်တောင်းဆိုခဲ့သော်လည်း နှစ်ကြိမ်စလုံးငြင်းပယ်ခံခဲ့ရသည်။

ထို့ကြောင့် အပြန်ခရီးတွင် လက်ချည်းဗလာ ဘာမှမပါပဲပြန်လာရသည့်အဖြစ်ကိုရောက်ခဲ့ရသည်ဟု အများကသုံးသပ်ကြသည်။ ဒီမိုကရေစီရေးလှုပ်ရှားသူအချို့က ဘန်ကီမွန်းကိုယ်တိုင်မြန်မာပြည်သွားခဲ့သည့်တိုင် ဘာမှမတတ်နိုင်ပဲ ရလဒ်တခုခုမရပဲပြန်လာရသည့်အတွက် မြန်မာ့အရေးတွင် ကုလသမဂ္ဂ၏အခန်း ပြီးဆုံးသွားပြီဟု သုံးသပ်ပြောဆိုမှုများထွက်ပေါ်လာသည်။ ယခုခရီးက မစ္စတာဘန်၏ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟူသောဂုဏ်သိက္ခာထိခိုက်ခဲ့ရသည်။ ၂၀၁၀ ရွေးကောက်ပွဲကိုပဲ ပြောဆိုဆွေးနွေးမှုများပြုခဲ့သည့်အတွက် ပြစ်တင်သည့်သဘောမျိုးဖြင့် ဝေဖန်ကြသည်။ မအောင်မြင်သောကြိုးပမ်းမှုများအတွက် မကျေနပ်သောအမြင်များဖြင့် ပြောဆိုကြသည်။

မစ္စတာဘန်ကီမွန်းအပါအဝင် ကုလသမဂ္ဂ၏မြန်မာ့အရေးကြိုးပမ်းမှုများကို စစ်အာဏာရှင်များနှင့် ပလဲနံပသင့်သူများကလည်း ထောက်ခံသည်၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းကာ ဒီမိုကရေစီထွန်းကားရေးအတွက် ပြတ်သားစွာထောက်ခံအားပေးနေသော နိုင်ငံများကလည်း သဘောတူသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းက ကုလသမဂ္ဂ၏အခန်းကို အလေးထားသည် ပြစ်ပယ်ခြင်းမရှိသည်ကိုတွေ့ရသည်။ မစ္စတာ ဘန်ကီမွန်းသည် ဒီမိုကရေစီရေးလှုပ်ရှားသူတဦးအဖြစ်၊ နိုင်ငံရေးသမားတဦးအဖြစ် မြန်မာပြည်သို့သွားခြင်းမဟုတ် သံတမန်တဦးအဖြစ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏ပြောဆိုလုပ်ကိုင်ချဉ်းကပ်ပုံများသည် သံတမန်နည်းလမ်းသာဖြစ်လိမ့်မည်။

မြန်မာ့အရေးတွင် ကုလသမဂ္ဂ၏ပါဝင်ပတ်သက်နေမှုကို မည်သို့မျှပြစ်ပယ်၍မရပေ။ အထွေထွေအတွင်းရေးမှူးချုပ်၏ ဂျူလိုင်လဆန်းမြန်မာပြည်ခရီးစဥ်သည် မအောင်မြင်ဟုပြောဆိုချက်သည် မှန်ကန်သည်။ လက်ဆုပ်လက်ကိုင်ပြ၍ရသောအောင်မြင်ဖြစ်ထွန်းမှုမရှိသောကြောင့်တည်း။ သို့သော် နိုင်ငံတကာ၏ သဘောထားကိုစစ်အာဏာရှင်များအားပြတ်ပြတ်သားသားပြောဆိုနိုင်ခဲ့သည်ကို မြင်တွေ့နိုင်ပေသည်၊ တဆက်တည်းမှာပင် စဥ်းစားရန်လိုအပ်သည်မှာ အထွေထွေအတွင်းရေးမှူးချုပ်အပါအဝင်ကုလသမဂ္ဂ၏မြန်မာ့အရေးကြိုးပမ်းမှုများကို ထိရောက်အောင်မြင်စေရန် မည်သို့သောအခြေအနေအကြောင်း အချက်များလိုအပ်သည်၊ မည်သို့သောချဉ်းကပ်မှုများသည် ထိရောက်မှုရှိလာစေမည်စသည့် နည်းလမ်းများဖြစ်သည်။

ထိုနည်းလမ်းများကိုတွက်ချက်ရှာဖွေကာ မြန်မာ့ဒီမိုကရေစီအင်အားစုများက အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ မြန်မာ့အရေးကို စိတ်ဝင်တစားလုပ်ကိုင်နေသောနိုင်ငံများ၊ ဒီမိုကရေစီအင်အားကြီးနိုင်ငံများ၊ အမျိုးမျိုးသောအကြောင်းပြချက်များဖြင့် နအဖဗိုလ်ချုပ်ကြီးများကို ကျောထောက်နောက်ခံပေးသောနိုင်ငံများကိုချပြကာ မြန်မာပြည်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ဟန်ချက်ညီသောကြိုးပမ်းချက်များပေါ်ထွက်လာစေရန် ရည်ရွယ်၍လုပ်ဆောင်သင့်ပေသည်ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဒေါ်စုအမှုအပြီးသတ်လျှောက်လဲချက် ဂျူလိုင်လ ၂၄ ရက်နေ့မှာ ပေးရတော့မည်

**BBC၊ ဂျူလိုင် ၁၂။** ။ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်က ဒုတိယနဲ့ နောက်ဆုံးသက်သေအဖြစ် ရှေ့နေဒေါ်ခင်မိုးမိုးကို သောကြာနေ့က စစ်ဆေးခဲ့ပြီးနောက် အပြီးသတ်လျှောက်လဲချက်ကို ဂျူလိုင်လ ၂၄ ရက်နေ့မှာ ပေးရတော့မှာဖြစ်ပါတယ်။

ဒေါ်ခင်မိုးမိုးကို ရန်ကုန်အင်းစိန်ထောင်တွင်း မြောက်ပိုင်းခရိုင်၊ အထူးတရားရုံးမှာ မနက် ၁၀ နာရီလောက်ကနေစပြီး ညနေ ၅ နာရီလောက်အထိ တနေကုန်စစ်ဆေးခဲ့ပါတယ်။

*သက်သေထွက်ချက်များ...*

ဒေါ်ခင်မိုးမိုးအဓိကထွက်ဆိုချက်တွေထဲမှာတော့ ၁၉၇၄ အခြေခံဥပဒေနဲ့ဆိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ ၇၄ အခြေခံဥပဒေကပုဒ်မတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ကန့်သတ်တားဆီးခံခဲ့ရပြီး ဒီအခြေခံဥပဒေဟာ အသက်မဝင်တော့လို့ အကျယ်ချုပ်ထိန်းသိမ်းခံခဲ့ရတာဟာ တရားမဝင်ဘူး။ ဒါကြောင့် သူဟာ အကျယ်ချုပ်စည်းမျဉ်းတွေကိုလည်း ဖောက်ဖျက်ရာမရောက်ဘူးလို့ ပြောခဲ့ပါတယ်။

ဒါပေမယ့် အစိုးရဘက်ကလည်း တည်ဆဲဥပဒေအားလုံးဟာ ဖျက်သိမ်းပယ်ဖျက်ခြင်းမရှိသေးလျှင် ဆက်လက်အတည်ဖြစ်တယ်လို့ ဆိုပါတယ်။ နောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို အန္တရာယ်ဖြစ်စေနိုင်တဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးလို့ NLD အဖွဲ့ဝင်တဦးလည်းဖြစ်တဲ့ ဒေါ်ခင်မိုးမိုးက သူ့အတွေ့အကြုံတွေကို အခြေခံပြီးလည်း သက်သေခံခဲ့ပါတယ်။

နောက်ပြီး စကားလုံးအနက်အဓိပ္ပါယ် ဖွင့်ဆိုချက်တွေအပေါ်မှာလည်း ဥပဒေပညာရှင်တဦးအနေနဲ့ သက်သေခံထွက်ဆိုခဲ့ပါတယ်။ တားဆီးမိန့်တခုမှာ "အခြားသို့" ဆိုတဲ့စာလုံးအပေါ် ဒေါ်အောင်ဆန်းစုကြည်က သွားပြီး ဆက်သွယ်တာမဟုတ်ဘဲ တခြားကလာပြီး ဆက်သွယ်လာရင်တော့ သူနဲ့မဆိုင်ကြောင်းလည်း ပြောခဲ့တယ်လို့ သိရပါတယ်။

*ဥပဒေအရတော့ အသာစီးရ...*

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေကတော့ အခုအမှုမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ဥပဒေအရတော့ အပြစ်မရှိနိုင်ကြောင်း ပြောပါတယ်။ ဒါဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးအရ အပြစ်ပေးနိုင်လား ဆိုတဲ့အမေးကိုတော့ ရှေ့နေတွေက မှတ်ချက်မပေးလိုကြောင်း ပြောပါတယ်။ တကယ်လို့ ပြစ်မှုထင်ရှားတယ်လို့ တရားရုံးကဆုံးဖြတ်ရင်တော့ အမြင့်ဆုံး ထောင်ဒဏ် ၅ နှစ်အထိ ကျခံနိုင်ပါတယ်။

ဂျူလိုင်လ ၂၄ ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်၊ မစ္စတာဂျွန်ဝီလီယံယက်တောနဲ့ အစိုးရဘက်က ရှေ့နေတွေက အပြီးသတ်လျှောက်လဲချက်ပေးရမှာဖြစ်ပြီး အဲဒီနောက်မှာတော့ အမိန့်ချမယ့်ရက်ကို စောင့်ဆိုင်းဘို့ဘဲကျန်ပါတော့တယ်။

# နိုင်ငံရေးခေါင်းဆောင်တွေကိုလုပ်ကြံဖို့ နအဖက လူသတ်သမားများစေလွှတ်

**RFA၊ ဂျူလိုင် ၁၄ ။** ။ မြန်မာစစ်အစိုးရကို ဆန့်ကျင်တော်လှန်ဖို့ ထိုင်း–မြန်မာနယ်စပ်မှာ လှုပ်ရှားဆောင်ရွက်နေတဲ့ နိုင်ငံရေးခေါင်းဆောင်တွေထဲက ထင်ရှားသူအနည်းဆုံး ၃ ဦးကို လုပ်ကြံသတ်ဖြတ်နိုင်ရန် မြန်မာစစ်အစိုးရနဲ့ DKBA လို့ခေါ်တဲ့ ခွဲထွက်ကရင်အမျိုးသားပူးပေါင်းတပ်ဖွဲ့တို့က လက်ဖြောင့်သေနတ်သမားတွေကို စေခိုင်းထားကြောင်း သတင်းတွေထွက်ပေါ်နေပါတယ်။

လုပ်ကြံသတ်ဖြတ်ဖို့ အဓိကပြစ်မှတ်ထားသူစာရင်းထဲမှာ KNU တပ်မဟာ ၇ တပ်ရင်းမှူး ဗိုလ်မှူးချုပ်ဂျော်နီ၊ KNU ဥက္ကဋ္ဌ၊ DAB ဥက္ကဋ္ဌနဲ့ NCUB ဥက္ကဋ္ဌတာဝန်တွေကို ပူးတွဲထမ်းဆောင်နေတဲ့ ဗိုလ်ချုပ်ကြီးတာမလာပေါနဲ့ တခြား KNU ခေါင်းဆောင်တွေအပြင် NCUB အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်တို့ပါဝင်တယ်လို့ ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ KNU ဥက္ကဋ္ဌ စောဒေးဗစ်တာကပေါကို ဆက်သွယ်မေးမြန်းရာမှာ KNU အောက်ခြေတပ်ဖွဲ့တွေက သူတို့ကိုသတိပေးပြောဆိုတာရှိသလို အရင်တုန်းကလည်း DKBA က တယ်လီဖုန်းနဲ့ ခြိမ်းခြောက်ပြောဆိုခဲ့ပြီးနောက်ပိုင်း KNU အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလက လုပ်ကြံခံခဲ့ရတဲ့သာဓကတွေလည်း ရှိကြောင်းရှင်းပြပါတယ်။

“ဒီလိုပေါ့ဗျာ၊ သတိနဲ့နေပေါ့။ ဒီမှာ DKBA တွေ ကားနဲ့သွားလာတာတွေ့တယ်ပေါ့၊ အဲလိုအပြောအဆိုတွေတော့ ရှိတယ်။ အဲဒီတော့ ကျနော်တို့လည်း သတိတော့ရှိတာဘဲလေ။ အရင်က ဖဒိုမန်းရှာတုန်းကတော့ ကျနော်တို့သိရတာ ဖုန်းကြိုဆက်တယ်၊ အဲဒီ ဗိုလ်ဆန်ပြုတ်လို့ပြောတာဘဲ။ တပတ်နှစ်ပတ်လောက်ထင်တယ် ကြိုပြီးတော့ဖုန်းဆက်တယ်။ ဖဒိုမန်းရှာတင်မဟုတ်ဘူး တခြားလူတွေလည်း ပါတယ်ပေါ့။ အဓိက က သူကလာလုပ်ကြံမယ်ပေါ့ သတိနဲ့နေလို့ပြောတာဘဲ။”

ပြီးခဲ့တဲ့နှစ်ပတ်ခန့်က မဲဆောက်မြို့ Lotus ကုန်တိုက်အနီး အသံတိတ်ကရိယာတပ်ထားတဲ့ ပစ်စတိုနှစ်လက်နဲ့အတူ မြန်မာနိုင်ငံသားနှစ်ယောက်ကို ထိုင်းထောက်လှမ်းရေးတွေက ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီနောက် ၃ ရက်အကြာမှာ နောက်ထပ် မြန်မာနိုင်ငံသား အမျိုးသားတဦးနဲ့အမျိုးသမီးတဦးကို မဲဆောက်မြို့တနေရာမှာဘဲ ထိုင်းရဲတွေက သေနတ်နဲ့ပစ်ဖမ်းခဲ့ရာမှာ အသက်မသေပေမယ့် ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားတယ်လို့ဆိုပါတယ်။

အဲဒီလူနှစ်ဦးထံကနေ အဲမ် ၁၆ သေနတ်တလက်လည်း သိမ်းဆည်းရမိတယ်လို့သိရပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့စနေနေ့က အမည်မသိသေနတ်သမားတွေဟာ KNU တွဲဘက်အတွင်းရေးမှူးဖြစ်တဲ့ ဗိုလ်မှူးစောလှငွေကို မဲဆောက်မြို့ပြင်တနေရာမှာ နောက်ယောင်ခံလိုက်ခဲ့တယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာတာကြောင့် မေးမြန်းကြည့်ရာမှာ ဗိုလ်မှူးစောလှငွေက ခုလိုပြောပါတယ်။

“သူတို့တချို့ပြန်ပြောတာ ကျနော်တနေရာမှာ မိတ်ဆွေတယောက်နဲ့ဝင်တွေ့တဲ့အချိန်မှာ အပြင်မှာ ကျနော်စီးလာတဲ့ကားနဲ့မနီးမဝေးမှာ အဲဒီလူတစုဆင်းလာတယ်၊ ဆင်းလာတဲ့အခါ သူတို့လက်ထဲမှာ သေနတ်လို့ယူဆရတာတွေလည်း ပါတယ်။ တွေ့တဲ့လူကတော့ သူ့ထင်မြင်ချက်ကတော့ သူအဲလိုထင်တယ်ပေ့ါလေ။ ဟုတ်တယ်လည်းပြောလို့မရသလို မဟုတ်တယ်လည်းပြောလို့မရဘူးပေ့ါလေ။ ဒါတွေကတော့ရှိနိုင်တာပေ့ါ။”

ထိုင်း–မြန်မာနယ်စပ်မဲဆောက်မြို့ဟာ ဒီနှစ်ပိုင်းတွေအတွင်း လုံခြုံစိတ်ချစွာနေထိုင်နိုင်တဲ့အရပ်ဒေသမဟုတ်တော့ဘဲ အန္တရာယ်တွေအချိန်မရွေး ကျရောက်နိုင်တဲ့ မြို့တမြို့ဖြစ်နေပြီး ပိုက်ဆံပေးရင် လူသတ်တဲ့ထိုင်းကြေးစား လူသတ်သမားတွေလည်း ကျင်လည်လှုပ်ရှားရာ မြို့တမြို့ဖြစ်နေတယ်လို့လည်း မဲဆောက်မြို့မှာနေထိုင်တဲ့ မြန်မာနိုင်ငံသားတွေက ပြောဆိုကြပါတယ်။

# မြန်မာနိုင်ငံသားတွေ နအဖက သက်သေခံမှတ်ပုံတင် ထိုင်းနယ်စပ်မှာ စထုတ်ပေး

**RFA၊ ဂျူလိုင် ၁၅ ။** ။ ထိုင်းနိုင်ငံမှာ အကြောင်းအမျိုးမျိုးကြောင့် တရားမဝင်ရောက်ရှိ အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသားတွေအတွက် နိုင်ငံသားဖြစ်ကြောင်း သက်သေခံမှတ်ပုံတင်ထုတ်ပေးမှုတွေကို ဒီကနေ့ ဂျူလိုင် ၁၅ ရက်နေ့က စပြီး ထိုင်းနိုင်ငံမြို့အလိုက် စတင်ဆောင်ရွက်နေပြီလို့ သိရပါတယ်။

ဒီအစီအစဉ်ကို မြန်မာစစ်အစိုးရ ဒုနိုင်ငံခြားရေးဝန်ကြီးဦးမောင်မြင့်နဲ့ထိုင်းနိုင်ငံအလုပ်သမားရေးရာဝန်ကြီး Mr.Phaitoon တို့က ဂျူလိုင် ၁၁ ရက်၊ ပြီးခဲ့တဲ့စနေနေ့က ထိုင်းနိုင်ငံပူးကက်ခ်မြို့မှာ ပူးတွဲကြေညာခဲ့တာဖြစ်ပါတယ်။ လက်ရှိစစ်အစိုးရဆီမှာ နိုင်ငံသားဖြစ်ကြောင်း နောက်ဆုံးအခွင့်အရေးအနေနဲ့ မှတ်ပုံတင်ခွင့်ရတာဖြစ်ကြောင်း ကြေညာခဲ့ပြီး ထိုင်းအလုပ်ရှင်တွေအနေနဲ့ ဂျူလိုင်လ ၃၀ ရက်နောက်ဆုံးထားပြီး မိမိတို့ဆီက မြန်မာအလုပ်သမားတွေကို မှတ်ပုံတင်ရမယ်လို့ သတ်မှတ်ထားပါတယ်။

အခုလို အစိုးရက မှတ်ပုံတင်ဖို့မြို့အလိုက် ဌာနတွေဖွင့်လှစ်နေတာနဲ့ပတ်သက်ပြီး တချို့ကတော့ သံသယရှိပြီး မှတ်ပုံတင်ဖို့စိုးရိမ်နေတယ်လို့ ထိုင်းနိုင်ငံ ရနောင်းမြို့က မြန်မာတဦးကအခုလိုပြောပြပါတယ်။ “ဗမာတွေရဲ့အစီအစဉ်ကိုတဲ့ သူတို့မယုံကြည်ဆိုပြီး ပြောလာတဲ့သူတော့ရှိတယ်ခင်ဗျ။ အစောကလုပ်ပြီးသွားတဲ့ အခါတွေတုန်းကလည်း အဲဒီလိုဘဲ သွားလာလို့ရတယ်ဆိုတဲ့အကြောင်း ပြောပြီးတော့ နောက် သိပ်မကြာဘူး တလနှစ်လအသက်ရှင်တယ်၊ အသက်ဝင်တယ်ပေ့ါနော်။

နောက်ပြီးတော့ ဒီဟာအသုံးမဝင်တော့ဘူးဆိုပြီး လုပ်ချလိုက်တာဘဲ။ ရနောင်းနဲ့ကော့သောင်ကိုတောင် သွားလာခွင့်ကမရတော့ဘူး။ အခုအခြေအနေမှာကတော့ ပတ်စ်ပို့ဗီဇာကို လုပ်ပေးမယ်ဆိုပြီးတော့ စာရင်းထည့်လိုက်ရင် သူတို့ရဲ့ဒီမှာလုပ်ကိုင်နေတဲ့ လုပ်အားတွေပေါ်မှာရော နောက်ပြီးတော့ ကျန်ရှိနေသေးတဲ့ဗမာပြည်မှာရှိတဲ့ မိသားစုတွေမှာရော သူတို့ရဲ့အကျဉ်းအကျပ်ထဲကို ရောက်သွားနိုင်တယ်ဆိုတာကိုတွေးပြီး တချို့ကမလုပ်ဘူးလို့ ပြောနေကြတယ်ခင်ဗျ။”

မြန်မာအလုပ်သမားအများအပြားရှိတဲ့ ထိုင်းနိုင်ငံ၊ ပူးကက်ခ်မြို့မှာတော့ ဒီအစီအစဉ်သစ်ကြောင့် မြန်မာအလုပ်သမားတွေ ပိုအစဉ်ပြေကြပြီး အများစုကကြိုဆိုလုပ်ကိုင်ကြတာရှိတယ်လို့ ပူးကက်ခ်ကမြန်မာတဦးကပြောပါတယ်။ “ဒီပတ်စ်ပို့လုပ်တာကို ပြည်သူတွေသဘောကျကြတယ်ဗျ။ အလုပ်သမားတွေရော သဘောကျကြတယ်ခင်ဗျ။ ဘာဖြစ်လို့လည်းဆိုတော့ သွားရလာရလွယ်ကူတာတကြောင်း၊ နောက်တကြိမ်က ဗမာနိုင်ငံကအာမခံပေးတဲ့အတွက် သူတို့အလုပ်သမားနှိမ်တယ်ဆိုတဲ့ အနေအထားမျိုးတွေမဖြစ်တော့ဘူးပေ့ါနော်။

အဲဒါတချက်ရယ်၊ နောက်တချက် ကျနော်တို့အနီးအနားမှာရှိတဲ့ကုမ္ပဏီဆိုရင် ငွေအနေအထား လုပ်အားခကိုပါ တိုးပေးလိုက်ပြီ၊ ထိုင်းတွေနဲ့တန်းတူပုံစံမျိုးတွေ တိုးပေးတဲ့လူတွေအကုန် တိုးပေးကုန်ပြီခင်ဗျ။ တချို့ ကြောက်တာတချက်က ပတ်စ်ပို့သက်တမ်းကုန်သွားတဲ့အခါကျရင် သက်တမ်းတိုးတဲ့အခါကျရင် အခွန်တွေဘာတွေရှိမလား၊ ဘာညာ ဒါတွေလည်း တချို့ကျတော့တွေးပြီး ကြောက်ကြတာလည်းရှိတယ်။ လက်ကမ်းစာစောင်ထဲမှာတော့ အခွန်မရှိဘူးတဲ့။ အတားအဆီးမရှိဘူး၊ ဖမ်းဆီးခြင်းမရှိဘူးလို့ ရေးထားပါတယ်။”

ထိုင်းအလုပ်သမားရေးရာဝန်ကြီးကတော့ နိုင်ငံသားစိစစ်မှုခက်ခဲတဲ့အတွက် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေ ထိုင်းအစိုးရဆီမှာ မှန်မှန်ကန်ကန် မှတ်ပုံတင်ဖို့ရာမှာ နှစ်ပေါင်းများစွာအခက်အခဲကြီးတခုအဖြစ် ရှိနေတယ်လို့ ပြောကြားပါတယ်။ ထိုင်းနိုင်ငံမှာ တရားမဝင်မြန်မာနိုင်ငံသား ၁၂ သိန်းခန့်ရှိတယ်လို့ နှစ်ဘက်အာဏာပိုင်တွေက တွက်ဆထားပါတယ်။

# အပြီးသတ်လျှောက်လဲချက်မူကြမ်းတင်ရန် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရှေ့နေများတွေ့ဆုံဆွေးနွေးမည်

**NEJ၊ ဂျူလိုင် ၁၆။** ။ အပြီးသတ်လျှောက်လဲချက်မှုကြမ်းတင်ပြရန်နှင့် အမှုကိစ္စဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏ရှေ့နေများ မနက်ဖြန်တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

"မနက်ဖြန် ဒေါ်စုနဲ့တွေ့တာကတော့ အဓိက က အပြီးသတ်လျှောက်လဲချက် ဆွေးနွေးမှာဘဲ။ အခုတွေ့ခွင့်တောင်းတာလည်း အပြီးသတ်လျှောက်လဲချက်အတွက် ကျနော်တို့တောင်းတာဘဲ။ ကျနော်တို့ အပြီးသတ်လျှောက်လဲချက်မှာ ၁၉၇၄ ခု အခြေခံဥပဒေမှာပါတဲ့ ပုဒ်မ ၁၅၉–က နဲ့ ပတ်သက်တဲ့အချက်ပါပါတယ်။ ဒါပေမယ့် အပြီးသတ်လျှောက်လဲချက်ဆိုတာ တရားရုံးရှေ့မှာပြောရတာလေ။ ကျနော်တို့အခု လက်နက်တွေထုတ်ပြလို့ မဖြစ်သေးဘူးနော်။ အဲဒီဥပဒေရှိတာဆိုရင် ဘယ်လို၊ မရှိတာဆိုရင်ဘယ်လို အားလုံးပါမယ်။" လို့ပြောပါတယ်။

အနေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်နိုင်ငံသားမစ္စတာယက်တော် နေအိမ်အတွင်းဝင်ရောက်ခဲ့မှုအတွက် နအဖ စစ်အစိုးရက မေ ၁၈ ရက်တွင် နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှု ပုဒ်မ ၂၂ ဖြင့် အင်းစိန်အထူးတရားရုံးတွင် တရားစွဲဆိုထားသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အား တရားစွဲတင်မှုတွင် နအဖ စစ်အစိုးရဘက်က တရားလိုပြသက်သေ ၁၅ ဦးထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေ ၂ ဦးသာ တင်သွင်းခွင့်ပြုထားသည်။

ဒေါ်အောင်ဆန်းစုကြည်ဘက်မှာတင်သွင်းခွင့်ရခဲ့သော သက်သေ ၂ ဦးမှာ ရှေ့နေများဖြစ်ကြပြီး တရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ထားသည့်ပုဒ်မ ၁၅၉–က သည် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဖြစ်နေတဲ့အတွက် သက်ဝင်မှုရှိ မရှိ စဉ်းစားကြရန် သက်သေ ၂ ဦးစလုံးက တင်ပြလျှောက်လဲခဲ့ကြပါတယ်။ ထိုကဲ့သို့ တင်ပြလျှောက်လဲရခြင်းနဲ့ပတ်သက်ပြီး ရှေ့နေဦးကြည်ဝင်းက"၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အာဏာသက်ရောက်မှုရှိသေးသလား မရှိတော့ဘူးလား။ ဒီဟာက နံပါတ် ၁ အခြေခံတာပေါ့ဗျာ။ အဲဒါကမရှိတော့ဘူးဆိုရင်တော့ ဒီပုဒ်မ ၁၅၉–က ကလည်း သက်ဝင်မှုမရှိတော့ဘူး။ အဲလိုဖြစ်သွားမယ်လေ။" လို့ပြောပါတယ်။

၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခြေခံရမည့်မူများတွင် ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရေး၊ ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်ရေး၊ တပါတီစနစ်ကျင့်သုံးရေးတို့ပါဝင်ခဲ့သော်လည်း ၁၉၈၈ ခုနှစ် စစ်တပ်ကအာဏာသိမ်းချိန်တွင် ထိုအခြေခံမူများ ပျောက်ကွယ်ခဲ့ပြီးဖြစ်သည်ဟုလည်း ရှေ့နေကြီးဦးကြည်ဝင်းကထောက်ပြပါတယ်။

"အဲဒီတော့ စောစောကပြောတဲ့ အခြေခံမူဆိုတာတွေက တော်တော်ပျက်သွားတာ။ ပျက်သွားတော့ ဒီထဲမှာမှ တခါ ၁၉၉၀ ခုနှစ်တုန်းကတော့ ရွေးကောက်ပွဲမတိုင်မီ ဗိုလ်ချုပ်မှူးကြီးစောမောင်ပြောတယ်။ ပြီးတော့လည်း ကြေညာချက် ၁/၉၀ ထုတ်ခဲ့တယ်ဗျာ။ ထုတ်ခဲ့တော့ အဲဒီမှာက ဖွဲ့စည်းပုံအခြေခံဥပဒေအနေအထားကို ဗိုလ်ချုပ်မှူးကြီးစောမောင်ပြောတဲ့ စကားနော်။ သူ့ရဲ့မိန့်ခွန်းတွေပြန်ဖတ်ရင် ဘာတွေ့မလည်းဆိုတော့ ဒီကနေ့တို့လုပ်နေတာ စစ်အစိုးရ Military Govrnment တဲ့။ ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမှ လိုက်နာနေရခြင်းမရှိဘူးတဲ့။ နောက်ပြီးတော့ ကမ္ဘာတခုလုံး ဘယ်မှာကြည့်ကြည့်တဲ့ စစ်တပ်ကအာဏာသိမ်းလိုက်ပြီဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပျက်သွားတာဘဲတဲ့။ အသက်မရှိတော့ဘူးတဲ့။ သူက အဲလိုပြောသွားတယ်။" လို့ ဦးကြည်ဝင်းကဆက်လက်ပြောဆိုပါတယ်။

သို့ရာတွင် နအဖ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို စတင်ထိန်းသိမ်းခဲ့တဲ့ ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိတကြိမ်၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိတကြိမ်၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တကြိမ်၊ စုစုပေါင်း ၃ ကြိမ်စလုံး ထိုဥပဒေဖြင့် အရေးယူထိန်းသိမ်းခဲ့ခြင်းဖြစ်ပါတယ်။ အင်းစိန်ထောင်အထူးတရားရုံးတရားခွင်တွင် ရုံးတင်စစ်ဆေးနေသည့် ဒေါ်အောင်ဆန်းစုကြည် ယခုရင်ဆိုင်နေရသောအမှုနှင့်ပတ်သက်၍ ကန့်သတ်မိန့် ၁၅၉–က ကို သက်ဝင်စေမည့် ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ရှိခြင်း ရှိ မရှိဆိုသည့်အချက်အပေါ် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများဘက်မှ တင်ပြဆွေးနွေးသွားရန်ရှိသည်ဟု သိရပါတယ်။

"ပုဒ်မ ၁၅၉ ဆိုတာကတော့ နိုင်ငံသားတယောက်ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှု မူလအခွင့်အရေးနှင့် လုံခြုံရေးအတွက် အာမခံချက်ရှိစေရမယ်တဲ့။ အဲဒါကို ကန့်သတ်လိုက်တာ။ ကျနော်တို့တင်ပြနေတာ ဘာလည်းဆိုတော့ လွတ်လပ်မှု မူလအခွင့်အရေးကန့်သတ်တာတော့ ထားပါဦး။ ဒါပေမယ့် လုံခြုံရေးဆိုတာကြီးနဲ့တွဲနေတာ၊ လုံခြုံရေးအာမခံချက်၊ အာမခံချက်ကလည်း ဒါဟာ ဖွဲ့စည်းပုံကပေးထားတဲ့အာမခံ။ ဆိုတော့ ဒီအာမခံချက်ကို ဘယ်သူကတာဝန်ယူမလဲ။ အစိုးရပေါ့ဗျာ။ အဲလိုတာဝန်ယူတာ။ အဲဒီတာဝန်ကို ရုတ်သိမ်းလို့ရမလား။ ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရအာဏာပိုင်ကို ပေးထားတဲ့တာဝန်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိသေးတယ်လို့ယူဆရင် သူတို့အဲဒါကိုငြင်းလို့ရမလား။ အဲဒါပါဘဲ။" လို့ ဦးကြည်ဝင်းကရှင်းပြပါတယ်။

ထိုကဲ့သို့အငြင်းပွားဘွယ်ရာ ဥပဒေပြဋ္ဌာန်းချက်ပါ စကားရပ်များ၏အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုပေးနိုင်ခွင့်ရှိသော ပြည်သူ့လွှတ်တော်ဆိုသည့်နေရာကို စကားရပ်အစားထိုးပြဋ္ဌာန်းထားခြင်း မရှိသေးကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေကြီး ဦးကြည်ဝင်းကပြောပါတယ်။

"တကယ်တမ်းကျတော့ ဥပဒေမှာပြဋ္ဌာန်းထားတဲ့ ပုဒ်မတွေနဲ့ပတ်သက်လို့ အနက်အဓိပ္ပါယ်ဖွင့်ဆိုမယ်ဆိုရင် ပုဒ်မ ၂၀၀ နဲ့ ၂၀၁ အရ ပြည်သူ့လွှတ်တော်ကသာ ဖွင့်ဆိုနိုင်တယ်။ ကျန်တဲ့အဖွဲ့အစည်းတွေက အဓိပ္ပါယ်ဖွင့်ဆိုလို့ကိုမရဘူး။ အခုက ပြည်သူ့လွှတ်တော်ဆိုတာကို စကားရပ်အစားထိုးတာမရှိသေးဘူးဗျ။ နိုင်ငံတော်ကောင်စီကို နအဖ နဲ့အစားထိုးတယ်။ ကျန်တာတွေ ကျန်တဲ့အာဏာပိုင်အဖွဲ့အစည်းတွေကိုလည်း အဲလိုအစားထိုးတယ်။ သို့သော် ပြည်သူ့လွှတ်တော်ကို စကားရပ်များအစားထိုးခြင်းနဲ့ အစားထိုးတာမရှိသေးဘူး။ အဲလိုဖြစ်နေတယ်။" လို့ ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ်၊ ဒီပဲယင်းအရေးအခင်းအပြီး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးတဲ့နောက် ၂၀၀၈ ခုနှစ်ကျမှသာ ၎င်း၏ရှေ့နေများဖြင့် တွေ့ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် ဩဂုတ်လ ၈ ရက်တွင်မှ ရှေ့နေကြီးဦးကြည်ဝင်းနဲ့ စတင်တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း သိရပါတယ်။ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကမူ ယခုအမှုသည် နိုင်ငံရေးလုပ်ကြံမှုတခုဖြစ်တယ်လို့ ရှုမြင်ထားကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်တောင်းဆိုထားပါတယ်။

လာမယ့် ဂျူလိုင် ၂၄ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အမှုအား နှစ်ဘက်ရှေ့နေများ အပြီးသတ်လျှောက်လဲချက်ပေးရန် အင်းစိန်တရားရုံးက ဂျူလိုင် ၁၀ ရက် တရားခွင်တွင် အမိန့်ချမှတ်ခဲ့ပါတယ်။ ယခုအမှုနှင့်ပတ်သက်ပြီး ဦးဉာဏ်ဝင်းက "ဒီအမှုက စွဲတောင်မစွဲသင့်တဲ့အမှုမျိုးပါ။ ဘာပြစ်မှုမှမရှိဘဲ အတင်းစွဲပြီးတော့ ဒါနဲ့ငြိတယ် ဟိုဟာနဲ့ငြိတယ်။ တကယ်တမ်း အဲဒါတွေကလည်း မငြိဘူးလို့ဘဲကျနော်တို့တော့မြင်တယ်။" လို့ ပြောသွားပါတယ်။

---

**မျက်နှာဖုံးမှ**

ဥပဒေစိုးမိုးမှုဆိုတာ လူတိုင်းအတွက်ပါ၊ ပုဂ္ဂိုလ်တဦး တယောက်အတွက် မဟုတ်ပါဘူး၊ အားလုံးနဲ့ဆိုင်ပါတယ်။ အဲဒီတော့ တရားဥပဒေစိုးမိုးမှု ဘယ်လောက်ရှိသလဲဆိုတဲ့ဟာက ဒီအမှုရဲ့ ဆုံးဖြတ်ချက်ပေါ်မှာလည်း လက္ခဏာတခုအနေနဲ့ ကြည့်ဖို့လိုပါလိမ့်မယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက နေအိမ်အကျယ်ချုပ်သက်တမ်း ၆ နှစ်ပြည့်ခါနီးရက်ပိုင်းအလိုမှာ အင်းစိန်အကျဉ်းထောင်ကို ပြောင်းရွှေ့ချုပ်နှောင်ခဲ့ပြီး နေအိမ်အကျယ်ချုပ်သက်တမ်းဖောက်ဖျက်မှုနဲ့ အခုလိုတရားစွဲဆိုနေတာဖြစ်ပါတယ်။ ☆☆☆☆☆

# လူထုနိုင်ငံရေးလမ်းကြောင်းကို သွားမည်ဟု ဦးဝင်းတင် ပြော

**DVB | ဇူလိုင် ၁၅ ။** ။ မြန်မာ့နိုင်ငံရေးခေါင်းဆောင်တဦးလည်းဖြစ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တဦးလည်းဖြစ်တဲ့ ဦးဝင်းတင်က ပြည်သူနဲ့တသားတည်းရှိမယ့် လူထုနိုင်ငံရေး လုပ်မယ်လို့ ပြောဆိုလိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းတင်က လူထုကို မျက်နှာမူတဲ့ နိုင်ငံရေးလမ်းကြောင်းအတိုင်း ဆက်လျှောက်သွားမယ်လို့ပြောပါတယ်။

"အခုပြည်တွင်းမှာ အန်အယ်လ်ဒီကို အားနည်းတယ်တို့ ဘာတို့ပြောတာတွေ ရှိတယ်။ လူထုကိုယ်တိုင်ကလည်း အဲလိုထင်မြင်တာရှိတယ်၊ အလားတူပဲ အခြားအခြားသောနိုင်ငံရေး အင်အားစုနဲ့ ပတ်သက်လို့ တုံ့ပြန်မှုလည်း အဲဒီလိုပဲရှိနေတယ်။ ကျနော် မကြာခင်တုန်းက လူထုကိုမျက်နှာမူတဲ့ နိုင်ငံရေးလုပ်ကြရအောင်၊ လုပ်ဖို့အချိန်တန်ပြီဆိုတော့ ကျနော်တို့တတ်နိုင်သမျှ နည်းလမ်းက လူထုနဲ့ ဆက်စပ်မိအောင်လုပ်မယ့်ဆန္ဒရှိတယ်ဆိုတာ ပြောချင်တယ်၊ ဆိုလိုတာက နိုင်ငံရေးသမားတွေ အကုန်လုံးက အိပ်နေတာမဟုတ်ဘူး ခြေကုန်လက်ပမ်းကျနေတာမဟုတ်ဘူး၊ မေ့လျော့ပေါ့ဆနေတာ မဟုတ်ဘူးဆိုတာ ကျနော်ပြောချင်တယ်။ ဘယ်လိုအခြေအနေနဲ့ ဘယ်လိုလုပ်မလဲဆိုတာ အခြေအနေလည်း ကြည့်နေရတဲ့ အခြေအနေ။"

လူထုနိုင်ငံရေးမှာ အဓိကလက္ခဏာ ၃ ရပ်ရှိတယ်လို့လဲ ဦးဝင်းတင်က ပြောပါတယ်။ အဲဒီ လက္ခဏာ ၃ ရပ်ကို အခုလိုအဓိပ္ပါယ်ဖွင့်ပါတယ်။

"၁ အချက်က လူထုနဲ့အတူ လူထုခံစားသလို ခံစားရနိုင်ရမယ်။ ၂ အချက်က လူထုနဲ့အတူ အပြန်အလှန်ပြောဆို တွေ့ဆုံဆွေးနွေးမှုတွေရှိရမယ်။ လူထုပြောတဲ့ စကားတွေကို နားထောင်သလို ကိုယ်ကလည်း လူထုနားထောင်အောင်ပြန်ပြောနိုင်ရမယ်။ ၃ အချက်ကတော့ လူထုနဲ့အတူ လှုပ်ရှားရမယ်။ လူထုနဲ့အတူလှုပ်ရှားနိုင်ရမယ်၊ လူထုလှုပ်ရှားမှုတွေမှာ ပါဝင်ပြီး ကိုယ်ကဦးဆောင်နိုင်ရမယ်။ ဦးမဆောင်နိုင်တဲ့အခါ လူထုနဲ့ပူးပေါင်းဆောင် ရွက်ရမယ်။"

လူထုကိုမျက်နှာမူတဲ့ လူထုနိုင်ငံရေးလမ်းစဉ်ဟာ ဦးဝင်းတင်ရဲ့ တသီးပုဂ္ဂလဆုံးဖြတ်ချက်ဖြစ်ပြီး အန်အယ်လ်ဒီပါတီတခုလုံးက လက်ခံလာတဲ့အထိ တိုက်တွန်းဆွေးနွေးသွားမယ်လို့လည်း ပြောပါတယ်။

"အများအားဖြင့် ကျနော်တို့ပြောတာတွေက အမှန်တကယ်တော့ အန်အယ်လ်ဒီနဲ့တော့ သိပ်မဆိုင်ဘူး။ ပြီးခဲ့တဲ့ ဧပြီလ ၂၇ ရက်နေ့က လုပ်တဲ့ ရွှေဂုံတိုင်အစည်းအဝေးမှာ မိန့်ခွန်းစကားတခုပြောတဲ့အချိန်မှာ လူထုနိုင်ငံရေး၊ လူထုကိုမျက်နှာမူတဲ့ နိုင်ငံရေးလုပ်ပါလို့ တိုက်တွန်းချက်ပါတယ်။ ဒီဟာကို ပါတီထဲမှာ ကျနော်ချပြီး ဆွေးနွေးနေတဲ့ကိစ္စပဲ။ ပါတီတခုလုံးရဲ့လိုင်းအနေနဲ့တော့ မကျသေးဘူး။"

ဦးဝင်းတင်ကို စစ်အုပ်စုက ၁၉ နှစ်ကျော်ကြာ ထောင်သွင်းအကျဉ်းချထားပြီး ပြီးခဲ့တဲ့နှစ်စက်တင်ဘာမှာ အင်းစိန်ထောင်က ပြန်လွှတ်ခဲ့တာပါ။ အသက် ၇၉ နှစ်ရှိပြီဖြစ်တဲ့ ဦးဝင်းတင်ဟာ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက အင်းစိန်ထောင်တွင်းတရားရုံးမှာ ရုံးထုတ်တဲ့နေတိုင်း ထောင်ရှေ့မှာ အန်အယ်လ်ဒီအဖွဲ့ဝင်တွေ၊ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံတဲ့ပြည်သူတွေနဲ့အတူ ထောင်ရှေ့မှာ အင်းအားပြ ဆန္ဒဖော်ထုတ်သူဖြစ်ပါတယ်။

---

# ဂျပန်နိုင်ငံရေးပြောင်းလဲမှု မြန်မာအပေါ် ရိုက်ခတ်နိုင်

**RFA | ဇူလိုင် ၁၅ ။** ။ နိုင်ငံတနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲတွေ အစိုးရအပြောင်းအလဲတွေ ဖြစ်လာတဲ့အခါတိုင်းမှာ အဲဒီအပြောင်းအလဲ အရှိန်အဟုန်က အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေကိုပါ ရိုက်ခတ်မှုဖြစ်လာတတ်ပါတယ်။

အခုဆိုရင် ဂျပန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက တောက်လျှောက်ဆိုသလို အာဏာရလာတဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ LDP ဟာ ဇူလိုင်လ ၁၂ ရက် တနင်္ဂနွေနေ့တုန်းကကျင်းပခဲ့တဲ့ တိုကျိုမြို့တော်ကောင်စီ အုပ်ချုပ်ရေးရွေးကောက်ပွဲမှာရှုံးနိမ့်သွားခဲ့ပါတယ်၊ LDP ပါတီက အခုလိုတိုကျိုမြို့တော်ရွေးကောက်ပွဲရှုံးနိမ့်တာဟာ လွန်ခဲ့တဲ့အနှစ် ၄၀ အတွင်း ပထမဦးဆုံးအကြိမ်လဲ ဖြစ်ပါတယ်။

LDP ပါတီကိုအနိုင်ရသွားတာကတော့ ဒီမိုကရက်တစ်ပါတီ ဂျပန် DPJ ဘဲဖြစ်ပါတယ်။ DPJ ပါတီရဲ့လက်ရှိဥက္ကဋ္ဌဖြစ်သူ Mr. Hatoyama ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရင်းနှီးမှုရှိသူသာမက DPJ ပါတီရဲ့ လွှတ်တော်အမတ်တွေဟာ မြန်မာ့ဒီမိုကရေစီရေး ကူညီဆောင်ရွက်သော ဂျပန်လွှတ်တော်အမတ်များအဖွဲ့ GIREN ရဲ့ အဖွဲ့ဝင်တွေလည်းဖြစ်ပါတယ်။

အကယ်၍ DPJ သာလာမယ့် ဩဂုတ်လ ၃၀ ရက်မှာ ကျင်းပမယ့် ဂျပန်အောက်လွှတ်တော် ရွေးကောက်ပွဲအတွင်း အနိုင်ရပြီး အစိုးရဖွဲ့နိုင်ခဲ့မယ်ဆိုရင် မြန်မာပြည်ဆိုင်ရာ ဂျပန်အစိုးရရဲ့မူဝါဒတွေဟာ ပြောင်းလဲလာနိုင်ဘွယ် ရှိသလားဆိုတာကို ဂျပန်ရောက်မြန်မာနိုင်ငံသားတွေကြား စိတ်ဝင်စားနေကြပါတယ်။

---

# ၈၈ ကျောင်းသားများ ရွေးကောက်ပွဲဝင်ဖို့ငြင်းဆို

**RFA | ဇူလိုင် ၁၄ ။** ။ နယ်ဝေးထောင်တွေမှာ ထိန်းသိမ်းခံထားရတဲ့ ၈၈ မျိုး ဆက်ကျောင်းသားခေါင်းဆောင်တချို့ကို ရွေးကောက်ပွဲဝင်ဘို့ စအဖ ခေါ် စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့က ပြီးခဲ့တဲ့လပိုင်းအတွင်း ညှိနှိုင်းပြောဆိုခဲ့ပေမယ့် အောင်မြင်မှုမရဘူးလို့ သိရပါတယ်။

ကိုမင်းကိုနိုင်အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တချို့က အာဏာပိုင်တွေရဲ့ စည်းရုံးပြောဆိုမှုကို ငြင်းဆန်ထားတယ်လို့ သိရပါတယ်။ နယ်ဝေးထောင်တွေက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကို အာဏာပိုင်တွေက ခုလိုစည်းရုံးနေတာနဲ့ပတ်သက်လို့ RFA က အတည်ပြုချက်ရယူနိုင်ဘို့ ကျောင်းသားခေါင်းဆောင်တွေရဲ့ မိသားစုတွေကို ဆက်သွယ်ခဲ့ပေမယ့် မိသားစုအများစုဟာ ထောင်ဝင်စာသွားမတွေ့နိုင်ဘဲ အဆက်အသွယ်ပြတ်နေကြတဲ့ အတွက် မသိရှိကြသေးဘူးလို့ ကျောင်းသားခေါင်းဆောင် ကိုကိုကြီးရဲ့ညီဖြစ်သူ ကိုအောင်ကပြောပါတယ်။

"ဘာမှတော့မကြားဘူး။ မတွေ့တာကြာတော့လေ။ အင်းစိန်ကပြောင်းပြီးကတည်းက ကျနော်တို့လည်း အကုန်လုံးပြတ်နေကြတာ။ မိသားစုတွေက ပထမပိုင်းကတော့ သွားတွေ့နေတာဘဲ။ ၂ လပိုင်းကတည်းကဆိုတော့ သူတို့အဲဒီအချိန်မှာလည်း တကယ်လို့ ဟုတ်ခဲ့ရင်တောင်မှ ဘာမှကြားရမှာမဟုတ်သေးဘူး။"

မိသားစုတွေအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ထောင်ဝင်စာသွားတွေ့ဘို့ အခက်အခဲဖြစ်နေရတဲ့အဓိကအကြောင်းရင်းက လေယာဉ်အသွားအလာနည်းပါးတဲ့အပြင် ရှိတဲ့လေယာဉ်တချို့လည်း စက်ချွတ်ယွင်းပြီး ခရီးစဉ်ရပ်ထားရတာကြောင့်လို့ သိရပါတယ်။

"ဒီမှာကိုက လေယာဉ်လည်းရှားတယ်၊ လေယာဉ်ကနည်းရတဲ့ကြားထဲမှာ ဟိုတခါလည်း စစ်တွေမှာလမ်းချော်လို့ အတောင်ပံထိသွားတယ်ဆိုတာ၊ ဒီလေယာဉ်တွေက ကွင်းပတ်နေရတာကိုး။ ကားလမ်းကသွားရင်လည်း ကားလမ်းကအဝေးကြီး။"

လေယာဉ်စီးခရေးနှုန်းအနေနဲ့လည်း ရှမ်းပြည်နယ်ကျိုင်းတုံအထိ သွားမယ်ဆိုရင် MAI လေယာဉ်စီးရင် ၅ သောင်းလောက်ကုန်ကျပေမယ့် ရန်ကုန်အဲယားဝေး၊ မန္တလေးအဲယားဝေး၊ စတဲ့ပုဂ္ဂလိကလေကြောင်းလိုင်းနဲ့ဆိုရင် ကျပ် ၁ သိန်း ၁ သောင်းကျော်ကျတဲ့အတွက် မတတ်နိုင်လို့ ထောင်ဝင်စာသွားမတွေ့နိုင်တဲ့ မိသားစုတွေအများအပြားရှိတယ်လို့လည်း သိရပါတယ်။

# ဒီမိုကရေစီဖတ်စာ

**ကျော်ကျော်စိုး**

ဒီမိုကရေစီဖတ်စာ အမည်ဖြင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး လွတ်လပ်ခွင့်များနှင့်သက်ဆိုင်သည့် ခေတ်နှစ်ပေါင်းများစွာမှသည် ၂၀ ရာစု ကုန်ခါနီးအထိ မိန့်ခွန်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကြေညာချက်များကို စုစည်းထားသည့်စာအုပ်မှ ရွေးချယ်ဘာသာပြန်ကာ ဖော်ပြလိုက်ပါသည်။ မူရင်းမှာ The Democracy Reader ဖြစ်ပြီး ဒီမိုကရေစီရေးနှင့်ပတ်သက်သောအထောက်အထားမှတ်တမ်းများကို Daine Ravitch (အမေရိကန်လက်ထောက်ပညာရေးဝန်ကြီးဟောင်း)နှင့် Abigail Thern-strom (နိုင်ငံရေးသိပ္ပံပညာရှင်)တို့က ကောက်နုတ်ကာ စာအုပ်အဖြစ်နှင့် စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် သန္နိဋ္ဌာန်ချမှတ်လှုပ် ရှားကြိုးပမ်းနေသည့် မြန်မာပြည်သူပြည်သားများအတွက် ဗဟုသုတနှင့် အသိအမြင်များတိုးပွားစေရန်ရည်ရွယ်၍ ကောင်းနိုးရာရာများကိုရွေးချယ်ကာ ဘာသာပြန်လိုက်ခြင်းဖြစ်သည်။

ဒီမိုကရေစီ၊ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်လှုပ်ရှားကြိုးပမ်းခဲ့ကြသူများ၊ ကြိုးပမ်းလှုပ်ရှားဆဲပုဂ္ဂိုလ်များ၏ ပြောဆိုရေးသားချက်များသည် ၄င်းတို့ဖြတ်သန်းလှုပ်ရှားနေခဲ့သော သမိုင်းစဉ်ကို လှစ်ဟပြနေရုံမက စာဖတ်သူများအတွက်ပါ အတွေးအမြင်သစ်များစဉ်းစားတွေးတောနိုင်ရေးအတွက် များစွာပံ့ပိုးမှုပေးလိမ့်မည်ဖြစ်သည်။

နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ရုရှားရူပဗေဒပညာရှင် အဲန်ဒရေဆာခါရော့ဗ်၏ ငြိမ်းချမ်းရေးတိုးတက်မှုနှင့် လူ့အခွင့်အရေးတို့၏ သုံးပွင့်ဆိုင် ဆက်နွယ်မှုက လူ့အဖွဲ့အစည်းတိုးတက်ရေးအတွက် မည်မျှအရေးပါပုံကို သိမြင်နိုင်မည်ဖြစ်သကဲ့သို့၊ ချက်သမတဟောင်း နိုဘဲငြိမ်းချမ်းရေးဆုရှင် ဗားကလပ်ဟာဗဲလ်၏ အာဏာမဲ့တို့၏စွမ်းအားမည်မျှကြီးမားပုံကို ရေးသားဖော်ပြချက်များက အတွေးအခေါ်သစ်များဆင့်ပွားတိုးများလာရေး အတွက်များစွာအထောက်အကူဖြစ်စေသည်။

တရုတ်လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးလှုပ်ရှားသူ ဝေကျင်ရှန်၏ လူ့အဖွဲ့အစည်းခေတ်မီတိုးတက်ရေးကို အကောင်အထည်ဖော်မည်ဆိုလျှင် ဒီမိုကရေစီကို မဖော်ဆောင်ပဲနှင့်မဖြစ်နိုင်ဟူသောအမြင်၊ လွတ်လပ်စွာပြောဆိုခွင့်အတွက်ကာကွယ်ရမည်ဟူသော ကျူဘားလူမျိုးဥပဒေပါမောက္ခ လူဝစ်အာဂွီလာ၏ သတင်းစာလွတ်လပ်ခွင့်ဆုံးရှုံးခြင်းသည်အမှန်တရားကိုဖော်ကျူးခွင့်ဆုံးရှုံးခြင်းဖြစ်ကြောင်းရှုမြင်ချက်သည် လွတ်လပ်သော လူ့အဖွဲ့အစည်းထူထောင်ရန်ကြိုးပမ်းနေသူများအတွက် အတုယူစရာဖြစ်သည်။

ထို့အပြင် အခြားသောပုဂ္ဂိုလ်များ၏ပြောဆိုရေးသားချက်များ၊ ထုတ်ပြန်ကြေညာချက်များသည်လည်း ဒီမိုကရေစီရေးကြိုးပမ်းလှုပ်ရှားနေသူများအတွက် အထောက်အကူပြုစေမည်မှာအမှန်ပင်ဖြစ်သော ကြောင့် အပိုင်းလိုက်ဖော်ပြသွားမည်ဖြစ်ပါသည်။

## ငြိမ်းချမ်းရေး တိုးတက်မှုနှင့် လူ့ အခွင့်အရေး

### အဲန်ဒရေဆာခါရော့ဗ်

### Andrei Sakharov (1921-1989 )

### ကျော်ကျော်စိုး ဘာသာပြန်သည်

အောင်မြင်ကျော်ကြားသော ညူကလီယားရူပဗေဒပညာရှင် တဦးအဖြစ်ဖြင့် အဲန်ဒရေဆာခါရော့ဗ်သည် ဆိုဗီယက်ယူနီယံ၌ တန်ဖိုးအထားခံရဆုံးသောသူတယောက်အဖြစ်သတ်မှတ်ခံရကာ အခွင့်အရေးများရရှိခဲ့သော်လည်း ဇိမ်ခံဘဝကိုငြင်းပယ်ကာ သာမန်ဘဝဖြင့်သာ နေထိုင်ခဲ့သူဖြစ်သည်။

၁၉၆၈ ခုနှစ်တွင် သူသည် ဆိုဗီယက်ယူနီယံ၌ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့တွင် ဦးဆောင်လှုပ်ရှားသူတဦးဖြစ်လာသည်။ ဆိုဗီယက် အာဏာပိုင်များက သူ့အား အပယ်ခံတယောက်အဖြစ်ဖြင့် ဆက်ဆံခဲ့သည်၊ ဆိုဗီယက်ယူနီယံ၌ သူ၏ဘဝအခြေအနေနှင့်အမည် ဆိုးရွားလာခဲ့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်း၌မူ အဲန်ဒရေဆာခါရော့ဗ်သည် ထင်ရှားကျော်ကြားသထက် ကျော်ကြားလာနေသည်။

ရူပဗေဒဆရာတဦး၏သားဖြစ်သော အဲန်ဒရေသည် သူ၏တက္ကသိုလ်ပညာ ဆုံးခန်းတိုင်သင်ယူနိုင်ရန်အတွက် ဒုတိယကမ္ဘာစစ်အတွင်း၌ စစ်မှုထမ်းရခြင်းမှ ကင်းလွတ်ခံခဲ့ရသူဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ဟိုက်ဒြိုဂျင် ဗုံးထုတ်လုပ်ရေးစီမံချက်တွင် အလုပ်လုပ်ကိုင်ခဲ့သည်။ အသက် ၃၂ နှစ် အရွယ်တွင် ဆိုဗီယက်ယူနီယံသိပ္ပံအကယ်ဒမီ၌ အသက်အငယ်ဆုံးသော အမြဲတမ်း အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံခဲ့ရသည်။

ဂုဏ်ပြုခံရမှုများဖြင့် ဘဝတွင် သက်သောင့်သက်သာနေခဲ့ရသည်၊ ဇိမ်ခံကား၊ အထူးအိမ်ယာ၊ ဈေးဝယ်ခွင့်၊ သက်တော်စောင့်တို့ရရှိခဲ့သည်။

၁၉၅၀ ခုနှစ်များ၏ အနှောင်းပိုင်းကာလတွင် ဆာခါရော့ဗ်သည် ညူကလီယားပေါက်ကွဲမှုမှထွက်ပေါ်လာသည့် ရေဒီယိုသတ္တိကြွမှုကြောင့် ရောဂါဝေဒနာခံစားရသည့်အကျိုးသက်ရောက်မှုအပေါ် စိုးရိမ်လာခဲ့သည်။ ထို့ ကြောင့် သူသည် နိုင်ငံရေးခေါင်းဆောင်များအား စမ်းသပ်ရေးအစီအစဉ်များကို ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း အရာမရောက်ခဲ့ပေ။ ထိုနောက်ပိုင်းမှစ၍ သူသည် စာရေးဆရာနှင့်ပညာရှင်များ၏ကိုယ်စား အသိပညာရပ်ဆိုင်ရာလွတ်လပ်ခွင့်အတွက် ပိုမိုပွင့်လင်းစွာပြောဆိုသူတဦးအဖြစ်သို့ တဖြည်းဖြည်းရောက်ရှိလာတော့သည်။

သူ၏ လျှို့ဝှက်ကြေညာချက်ဖြစ်သော တိုးတက်မှု၊ အတူတကွ တည်ရှိမှုနှင့် အသိပညာရပ်ဆိုင်ရာလွတ်လပ်ခွင့်ကို ၁၉၆၈ ခုနှစ်တွင် အနောက်နိုင်ငံများ၌ ထုတ်ပြန်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် လူ့အခွင့်အရေးကော်မတီ ထူထောင်ရေးအတွက်ကူညီခဲ့သည်။

သူ၏အခွင့်ထူးခံဘဝ အဆုံးသတ်ခဲ့လေသည်၊ သူသည်ပညာရှင် လောကမှအပယ်ခံခဲ့ရသည်၊ ဆိုဗီယက်ထောက်လှမ်းရေး ကေဂျီဘီ၏ နောက်ယောင်ခံစောင့်ကြည့်မှုကိုခံခဲ့ရသည်။ ၁၉၇၅ ခုနှစ်တွင် နိုဘဲလ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခံခဲ့ရသည့်တိုင် သူသည် ခြိမ်းခြောက်နှောင့်ယှက်မှုများကို ဆက်လက်ခံနေခဲ့ရသည်။ ၁၉၈၀ ခုနှစ်တွင် ဆိုဗီယက်က အာဖဂနစ္စတန်အား ကျူးကျော်သည့်အခါ သူသည် ပြင်းထန်စွာရှုတ်ချခဲ့သည်၊ ထို့ကြောင့် ဆာခါရော့ဗ်နှင့် သူ၏ဇနီး အဲလီနာတို့သည် နိုင်ငံခြားသတင်းထောက်များ ဝင်ရောက်ခွင့်မရှိသော ဂေါ်ကီမြို့သို့ နယ်နှင်ခံရပြီး အကျယ်ချုပ်ဖြင့်နေခဲ့ရသည်။ ၁၉၈၆ ခုနှစ်တွင် ဆိုဗီယက်သမတ ဂေါ်ဗာချော့ဗ် အမိန့်ဖြင့် ပြန်လွတ်လာသည်အထိ ဂေါ်ကီ တွင်နေခဲ့ရသည်။

၁၉၈၉ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ၏ ပထမဦးဆုံးသောလွတ်လပ်သည့်ရွေးကောက်ပွဲများမှတဆင့် ဆာခါရော့ဗ်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ သူသည် နိုင်ငံရေးအာဏာကို ကွန်မြူနစ်ပါတီက လက်ဝါးကြီးအုပ်ကိုင်ထားမှုအဆုံးသတ်ရေးကို တောင်းဆိုသည့် ဦးဆောင်လှုပ်ရှားသူဖြစ်လာသည်။ သူသေဆုံးမည့် ဒီဇင်ဘာ ၁၄ ရက် ၁၉၈၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီသည်သာလျှင် တခုတည်းသော တရားဝင်ပါတီဖြစ်သည်ဟု ဖော်ပြထားသည့် ဆိုဗီယက်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တိုက်တွန်းခဲ့လေသည်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

# မြန်မာ့ပြည်တွင်းရေး လုံခြုံရေးကောင်စီက ကြားဝင်ဖြေရှင်းပေးရန် တောင်းဆို

**DVB ၊ ဂျူလိုင် ၁၃ ။** ။ မကြာသေးခင်က မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး လုံခြုံရေးကောင်စီမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက ဒီနေ့ အစီရင်ခံနေချိန်မှာပဲ လုံခြုံရေးကောင်စီအနေနဲ့ မြန်မာ့အရေးကိုင်တွယ်ဖြေရှင်းပေးဖို့ တက်ကြွလှုပ်ရှားသူတွေက တိုက်တွန်းလိုက်ပါတယ်။

မြန်မာ့အရေးလုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းပေးဖို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နဲ့ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစုတို့က လုံခြုံရေးကောင်စီကို ဒီနေ့အိတ်ဖွင့်ပေးစာ ပေးပို့လိုက်ပါတယ်။ မကြာသေးခင်က မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းမှူးရေးချုပ် မစ္စတာဘန်ကီမွန်းရဲ့ခရီးစဉ်နဲ့ ပတ်သက်လို့ မဖြစ်မနေလိုက်နာရမယ့် လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ပါမှ မြန်မာ့အရေးကိစ္စကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုထွန်းမြင့်အောင်က ပြောပါတယ်။

"မစ္စတာဘန်ကီမွန်း မြန်မာပြည်လာတဲ့ကိစ္စ ကျနော်တို့ ကြိုဆိုတယ်၊ ကျေးဇူးတင်တယ်။ သူ အရှုံးနဲ့ပြန်သွားရပေမယ့် နအဖစစ်ဗိုလ်ချုပ်တွေ ဘယ်လောက် ခေါင်းမာတယ်၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အသံတွေကို လျစ်လျူရှုထားပြီး ကုလသမဂ္ဂနဲ့ပူးပေါင်းမှု မရှိဘူးဆိုတာ ကောင်းကောင်းသက်သေပြနိုင်ခဲ့တယ်။ "မစ္စတာဘန်ကီမွန်းဟာ လုံခြုံရေးကောင်စီက နှင်းလိုက်တဲ့ ဆုံးဖြတ်ချက်တခုနဲ့ သြဇာအာဏာတခုကို ယူလာပြီး နအဖစစ်ဗိုလ်ချုပ်တွေနဲ့ ဆွေးနွေးရမယ်ဆိုရင် နအဖ စစ်ဗိုလ်ချုပ်တွေအနေနဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့လိုအပ်ချက်တွေကို မဖြစ်မနေလိုက်လျှောရမယ့် အခြေအနေမှာရှိတယ်။ "ကျနော်တို့ ဖြစ်စေချင်တာက မအောင်မြင်တဲ့ ခရီးစဉ်အပေါ်မှာ မှန်မှန်ကန်ကန်သုံးသပ်ပြီး လုံခြုံရေးကောင်စီမှာ အခြေအနေအမှန်တွေတင်ပြပြီး မြန်မာပြည်အပေါ် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမယ့် ဆုံးဖြတ်ချက်တွေကျလာအောင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတွေ အားလုံးကိုစည်းရုံးဖို့ အခြေနေမှန်ကိုတင်ပြပြီး အဖြေရှာဖို့ မစ္စတာဘန်ကီမွန်း ကြိုးစားပေးဖို့ ကျနော်ပြောချင်တာပါ။"

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဒေါ်အောင်ဆန်းစုကြည် အပါဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ်ပေးဖို့၊ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် အတိုက်ခံနဲ့ စစ်အုပ်စု တွေ့ဆုံဆွေးနွေးဖို့၊ စစ်မှန်တဲ့ရွေးကောက်ပွဲ တခုဖြစ်လာရေး ဖြေရှင်းနိုင်ဖို့ မြန်မာပြည်ကိုသွားရောက်ခဲ့တာပါ။ သူ့ရဲ့ တင်ပြတောင်းဆိုချက်တွေနဲ့ပတ်သက်လို့ စစ်အုပ်စုက စဉ်းစားတုံ့ပြန်လာလိမ့်မယ်လို့ မျှော်လင့်နေတာနဲ့ပတ်သက်လို့လည်း ကိုထွန်းမြင့်အောင် ကပြောပါတယ်။

"မစ္စတာဘန်ကီမွန်းက နအဖ စစ်ဗိုလ်ချုပ်ကြီးတွေဟာ သူ့ရဲ့တင်ပြချက်တွေ၊ တောင်းဆိုချက်တွေကို အရေးတယူ စဉ်းစားတုံ့ပြန်ပေးလိမ့်မယ်လို့ သူမျှော်လင့်တယ်လို့ နိုင်ငံတကာကိုပြောတယ်။ ဒါနဲ့ပတ်သက်ပြီး ကျနော်တို့အများကြီးစိုးရိမ်တယ်။ မစ္စတာဘန်ကီမွန်းရဲ့ တောင်းဆိုတင်ပြချက်တွေကို နအဖစစ်ဗိုလ်ချုပ်ကြီးတွေ လိုက်လျောလေမလားဆိုပြီး စောင့်ကြည့်ဦးမယ်ဆိုတဲ့ အခြေအနေမျိုးတွေ ကျနော်တို့ အရောက်မခံနိုင်ပါဘူး။ မြန်မာပြည်သူတွေ အနှစ် ၂၀ ခံစားနေရတဲ့ ဒုက္ခဟာ သက်သေပါပဲ။ ဒီ့ထက်ပိုပြီး စောင့်ကြည့်စရာအခြေအနေ မရှိတော့ဘူးလို့ ကျနော်မြင်တယ်။ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ မြန်မာပြည်ပေါ်မှာ လက်တွေ့ကျထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေကို နှောင့်နှေးကြန့်ကြာသွားစေမယ့် စကားမျိုးတွေ မစ္စတာဘန်ကီမွန်း ပြောဆိုမိမှာကို ကျနော်တို့အထူးကို စိုးရိမ်ပါတယ်။ အဲဒီအတွက် မစ္စတာဘန်ကီမွန်း လေးလေးနက်နက်စဉ်းစားပြီး ဆောင်ရွက်စေချင်ပါတယ်။"

စစ်အုပ်စုအနေနဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်ဆိုတဲ့ အနေအထားတခုပြဖို့အတွက် လိုက်လျောမှုတခုအနေနဲ့ အကျဉ်းသားတွေ လွှတ်ပေးမယ်ဆိုရင်လဲ ဟိုအရင်ကလို တခြားရာဇဝတ်အကျဉ်းသားတွေကို အများအပြားလွှတ်ပေးပြီး လက်ချိုးရေလို့ရတဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုပဲ လွှတ်ပေးဦးမယ်ဆိုရင် ကုလသမဂ္ဂအနေနဲ့ ဒါကို လက်မခံသင့်ဘူးလို့ ကိုထွန်းမြင့်အောင်ကပြောပါတယ်။ ကုလသမဂ္ဂကို ကြားဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းတောင်းဆိုတာနဲ့ ပတ်သက်လို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ကိုဇာနည်ကလည်း အခုလို ပြောပြပါတယ်။

"နိုင်ငံရေးတင်းမာမှုဆိုတာ အတိုက်အခံအင်အားစုတွေနဲ့ စစ်အုပ်စုကြားထဲမှာရှိတဲ့ပြဿနာ ဖြစ်တဲ့အတွက် နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကိုထောင်ထဲကနေ ပြန်ထုတ်ပေးပြီး လွတ်လပ်စွာပြောဆိုခွင့်ရှိပြီး စစ်မှန်တဲ့ ဖွဲ့စည်းပုံတခုပေါ်ပေါက်စေချင်တယ်။ စစ်မှန်တဲ့ ဖွဲ့စည်းပုံပေါ် ပေါက်လာပြီဆိုတာနဲ့စစ်မှန်တဲ့ ရွေးကောက်ပွဲနဲ့ တိုင်းပြည်ရဲ့တိုးတက်ရာ တိုးတက်ကြောင်း လမ်းကြောင်းတခု ရှာဖွေနိုင်မှာပါ။ တဘက်သတ်ဖွဲ့စည်းပုံ၊ တဘက်သတ် ရွေးကောက်ပွဲမျိုးနဲ့ တိုင်းပြည်ရဲ့ တိုးတက်ရာ တိုးတက်ကြောင်း ရောက်နိုင်မယ်လို့ကျနော် မယုံကြည်ပါဘူး၊ အဲဒီလိုဖြစ်ထွန်းဖို့ ကုလသမဂ္ဂကို ကြားဝင်ဆောင်ရွက်ပေးစေချင်တာပါ။"

ကုလသမဂ္ဂ လုံခြုံရေးကောင်စီကနေ မြန်မာ့အရေးနဲ့ပတ်သက်လို့ မေလက နောက်ဆုံးထုတ်ပြန်ချက်ထုတ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့၊ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ မြန်မာစစ်အုပ်စုကိုတောင်းဆိုခဲ့ပါတယ်။

---

# နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး KIO လက်မခံ

**NEJ ၊ ဂျူလိုင် ၁၆ ။** ။ နယ်ခြားစောင့်အသွင်ပြောင်းရေးကိစ္စကို လက်မခံဘဲ မိမိစစ်သားများနှင့်သာဖွဲ့စည်းမည့် ကချင်ဒေသလုံခြုံရေးတပ်ဖွဲ့အဖြစ်ပြောင်းပြီး နောင်ကချင်ပြည်နယ်အစိုးရအဖွဲ့သစ်တွင် အာဏာရယူလိုကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က ပြောကြားလိုက်ပါတယ်။

ယခုလ ၈ ရက်တွင် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ KIO အဖွဲ့မှ ဒု–ဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းဦးဆောင်တဲ့ ရှစ်ဦးပါ ဗဟိုကော်မတီအဖွဲ့နဲ့ မပခ တိုင်းမှူးဗိုလ်ချုပ်စိုးဝင်းတို့ တွေ့ဆုံပွဲတွင် KIO အဖွဲ့က အခုလိုပြောဆိုခဲ့တာဖြစ်ပါတယ်။ ယင်းတွေ့ဆုံပွဲမှ မှတ်တမ်းအချက်အလက်များအရ ၂၀၁၀ ပါတီစုံအထွေထွေရွေးကောက်ပွဲဖြင့် ပေါ်ပေါက်လာတဲ့အစိုးရသစ်လက်သို့ တပ်မတော်အစိုးရအာဏာလွှဲပြောင်းပေးတဲ့အချိန်မှာ ကချင်ပြည်နယ်အစိုးရ အာဏာသုံးရပ် မိမိတို့ KIO မှ တိုက်ရိုက်ပါဝင်နိုင်ရေးကို စီစဉ်ဆောင်ရွက်ထားပေးပါရန် မေတ္တာရပ်ခံတင်ပြထားကြောင်းလည်း သိရပါတယ်။

အဆိုပါ အစည်းအဝေးမှတ်တမ်းတွင် နယ်ခြားစောင့်တပ် Border Guard Force အဖြစ်မဟုတ်ဘဲ ကချင်ဒေသလုံခြုံရေးတပ် Kachin Regional Guard Force - KRGF ဟု အမည်မှည့်ခေါ်ကာ လက်ရှိ KIA တည်ရှိနေသော အနေအထားအတိုင်း ထားရှိသွားရန်ဆန္ဒရှိပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်လို့ ဖော်ပြထားပါတယ်။ KIO မှဖွဲ့စည်းလိုတဲ့ KRGF အဖွဲ့တွင် KIA မှအရာရှိ၊ စစ်သည်များဖြင့်သာလျှင် ပြင်ဆင်ဖွဲ့စည်းသွားလိုပါကြောင်း တောင်းဆိုထားပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၈ ရက်၌ နအဖ က KIO အဖွဲ့အပါအဝင် ငြိမ်းအဖွဲ့များကို အင်အားလျှော့ချပြီး နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် ပြောဆိုခဲ့ပြီးနောက် KIO အဖွဲ့နဲ့ မပခ အကြား အကြိမ်ကြိမ်တွေ့ဆုံခဲ့ပြီး ယခုနောက်ဆုံးတွေ့ဆုံခဲ့ရာတွင် ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်ပါတယ်။ ကချင်ငြိမ်းအဖွဲ့တခုဖြစ်တဲ့ ကချင်ဒီမိုကရေစီသစ်တပ်မတော်ကမူ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို ဇွန် ၂၄ ရက်တွင် လက်ခံလိုက်ပြီး ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအရ ရွေးကောက်ပွဲဝင်စရာမလိုဘဲ ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်ပေးတဲ့ လွှတ်တော်အမတ်အဖြစ် ငြိမ်းအဖွဲ့ခေါင်းဆောင်များထဲမှ ရွေးချယ်ခန့်အပ်ရန် တောင်းဆိုထားပါတယ်။

ဒီတောင်းဆိုမှုနဲ့ပတ်သက်ပြီး နအဖ ဘက်က ဘယ်လိုတုန့်ပြန်ပြောဆိုခဲ့တယ်ဆိုတာကို မသိရှိရသေးဘဲ ဒီကိစ္စနဲ့ပတ်သက်ပြီး KIO အဖွဲ့မှ တာဝန်ရှိသူများကို ဖုန်းအဆက်အသွယ်မရရှိသေးပါ။

# စစ်အုပ်စုရဲ့လျှို့ဝှက်သတင်းပေါက်ကြားမှု စစ်တပ်အရာရှိများပြစ်ဒဏ်ချမှတ်မည်

**Irrawaddy၊ ဂျူလိုင် ၁၇ ။** ။ စစ်အုပ်စုနံပါတ် ၃ ခေါင်းဆောင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းရဲ့ မြောက်ကိုရီးယား လျှို့ဝှက်ခရီးစဉ် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းများပေါက်ကြားကာ ပြည်ပမီဒီယာများတွင် ဖော်ပြနိုင်ခဲ့မှုနဲ့ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာအရာရှိ ၁၀ ဦးထက်မနည်းကိုဖမ်းဆီးပြီး စစ်ခုံရုံးတင်၍ ကြီးလေးသောအပြစ်ဒဏ် ချမှတ်မည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

အဖမ်းအဆီးခံထားရသူများမှာ ကက ကြည်းမှဗိုလ်ကြီးအဆင့်သူများဖြစ်ပြီး ဒီသတင်းဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ပေါက်ကြားခဲ့မှုတွင် ပါဝင်ပတ်သက်နေသော တခြားစစ်ဘက်ဆိုင်ရာအရာရှိတချို့လည်း ထွက်ပြေးပုန်းရှောင်နေရတယ်လို့ စစ်တပ်နဲ့နီးစပ်တဲ့ အသိုင်းအဝန်းမှ သတင်းရရှိပါတယ်။ ထို့အပြင် ဒုဗိုလ်မှူးကြီးအဆင့်ရှိသူတချို့ကိုလည်း မြန်မာ–မြောက်ကိုရီးယား ဆက်စပ်နေသည့်သတင်းများ၊ မြန်မာနိုင်ငံတွင်း ဥမင်လိုဏ်ခေါင်းဖောက်နေသည့်သတင်းများ ပြည်ပမီဒီယာများတွင် ပါရှိခဲ့မှုနှင့်ပတ်သက်၍ ရာထူးမှဖယ်ရှားလိုက်တယ်လို့ ယင်းအသိုင်းအဝိုင်းမှ ကြားသိရပါတယ်။

စစ်အစိုးရရဲ့နံပါတ် ၃ ခေါင်းဆောင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်နေ့တွင် တရုတ်နိုင်ငံမှတဆင့် မြောက်ကိုရီးယားနိုင်ငံ၊ ပြုံယမ်းမြို့တော်သို့ ၇ ရက်ကြာလျှို့ဝှက်ခရီးသွားရောက်ခဲ့ပြီး ခရီးစဉ်နဲ့ပတ်သက်တဲ့ သတင်း၊ ဓာတ်ပုံနဲ့ဗီဒီယိုမှတ်တမ်းများ ပြည်ပမီဒီယာများတွင် ပျံ့နှံ့ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းသတင်းများ၊ ဓာတ်ပုံများနဲ့တပြိုင်နက်တည်း ပြည်တွင်း၌အနုမြူလက်နက်များစမ်းသပ်ရန် 'လိုဏ်' များဆောက်လုပ်နေတယ်ဆိုတဲ့သတင်းတွေထွက်ပေါ်ခဲ့ပြီး နိုင်ငံတကာမီဒီယာတွေဖြစ်တဲ့ CNN, BBC ၊ အယ်ဂျာဇီးယားနဲ့ ပြည်ပအခြေစိုက် မြန်မာမီဒီယာများဖြစ်တဲ့ ဒီမိုကရက်တစ်မြန်မာ့အသံ DVB တို့က ဗီဒီယိုမှတ်တမ်းများနဲ့တကွ ဖော်ပြခဲ့ကြပါတယ်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းရဲ့ခရီးစဉ်မှာပါဝင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို မြောက်ကိုရီးယားအစိုးရက ပြုံယမ်းမြို့တော်နဲ့ မြို့ယမ်းမြို့ရှိ အရေးပါတဲ့နေရာများကို လှည့်လည်ပြသခဲ့ပြီး တောင်ကြောများအတွင်းရှိ ဥမင်များတွင် သိမ်းဆည်းထားတဲ့ ဂျက်တိုက်လေယာဉ်များ၊ ဒုံးပျံများ၊ တင့်ကားများ၊ အနုမြူနဲ့ဓာတုလက်နက်များကို ပြသခဲ့ကြကြောင်း ဧရာဝတီမဂ္ဂဇင်းအယ်ဒီတာ ဦးအောင်ဇော်ရေးသားတဲ့ "မြန်မာနှင့်မြောက်ကိုရီးယား စစ်ရေးလျှို့ဝှက်ချက်များ" အမည်ရှိဆောင်းပါးမှာပါရှိပါတယ်။

တပ်မတော် ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီးသူရရွှေမန်းနဲ့အတူ လေကြောင်းရန်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်လှထွေးဝင်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်သိန်းထွေး၊ ဗိုလ်ချုပ်မြဝင်းနဲ့အကြီးစားစက်မှုလုပ်ငန်းမှ တခြားအဆင့်မြင့်အရာရှိများလည်း ပါဝင်ကြတယ်လို့ ယင်းဆောင်းပါးမှာဖော်ပြထားပါတယ်။

အဆိုပါဆောင်းပါးတွင် နိုဝင်ဘာ ၂၇ ရက်နေ့၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနဲ့ မြောက်ကိုရီးယားမှစစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ် Kim Kyok-sik တို့ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးကြပြီး မြန်မာနှင့်မြောက်ကိုရီးယားအကြား စစ်ရေးအရပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် သဘောတူခဲ့ကြတာကို ဓာတ်ပုံများနဲ့တကွ ဖော်ပြခဲ့ပါတယ်။

"မြန်မာနိုင်ငံရှိ အရေးပါသော စစ်ရေးအဆောက်အဦးတချို့ဆောက်လုပ်ရာမှာ မြောက်ကိုရီးယားက ကူညီဆောက်လုပ်ခြင်း သို့မဟုတ် ကြီးကြပ်ပေးခြင်းပြုမည်ဟူသော သဘောတူညီချက်အရ ဤသို့သောအဆောက်အဦးများတွင် ဒုံးကျည်များ၊ လေယာဉ်များ၊ သင်္ဘောများ သိုဝှက်ထားနိုင်ရန် ဥမင်များ၊ လိုဏ်ဂူများလည်းပါဝင်မှာဖြစ်ပါတယ်။ ထိုမျှမက မြန်မာ့တပ်မတော် အထူးတပ်ဖွဲ့များအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကိုလည်း မြောက်ကိုရီးယားက ကူညီပေးမှာဖြစ်ပါတယ်။ ဤသင်တန်းများတွင် လေကြောင်းရန်ကာကွယ်ရေးသင်တန်းများနဲ့ နှစ်နိုင်ငံတပ်မတော်အရာရှိများအကြား ဘာသာစကားဖလှယ်မှုသင်တန်းများလည်း ပါဝင်မှာဖြစ်ပါတယ်။" ဟူ၍ အဆိုပါဆောင်းပါး၌ နားလည်မှုစာချွန်လွှာတွင် ပါရှိသည့်အချက်များကို ကိုးကားရေးသားထားပါတယ်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းရဲ့ အဆိုပါလျှို့ဝှက်ခရီးစဉ်နဲ့ပတ်သက်တဲ့ သတင်းများ၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများ ပြည်ပမီဒီယာများတွင် ပျံ့နှံ့ရခြင်းမှာ နိုင်ငံတော်ထိပ်တန်းလျှို့ဝှက်ချက်များ ပေါက်ကြားခြင်းဖြစ်သောကြောင့် ထိုသို့ပေါက်ကြားရာတွင် ပါဝင်သည်ဟုယူဆရသည့် စစ်ဘက်ဆိုင်ရာ အရာထမ်းများကို စစ်ခုံရုံးတင်ကာ အလွန်ကြီးလေးသောပြစ်ဒဏ်များ သတ်မှတ်လိမ့်မည်ဖြစ်ကြောင်း စစ်တပ်နှင့်နီးစပ်တဲ့ အသိုင်းအဝိုင်းကသုံးသပ်ပါတယ်။

# နာဂစ်မုန်တိုင်းထိ ဒေသတချို့မှာ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်

**DVB၊ ဂျူလိုင် ၁၅ ။** ။ နာဂစ်မုန်တိုင်းဒဏ်ဆိုးဆိုးဝါးဝါးခံရတဲ့ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးရွာနဲ့ ဆက်ကျွန်းရွာမှာ မနေ့နေ့ခင်းပိုင်းက လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်သွားခဲ့လို့ အိမ်တွေပျက်စီးပြီး လူ ၁၀ ဦးခန့် ဒဏ်ရာရခဲ့တယ်လို့ ဘိုကလေးမြို့ခံတွေက ပြောပါတယ်။

နေ့ခင်းပိုင်း ၃ နာရီခန့် ဝင်ရောက်တိုက်ခတ်သွားတာဖြစ်ပြီး၊ ကြိမ်ချောင်းကြီးရွာက အိမ်ထောင်စုပေါင်း ၃၀ ကျော်ရဲ့နေအိမ်တွေ ပျက်စီးသွားတယ်လို့ ပြောပါတယ်။ ထူးကုမ္ပဏီက ဆောက်လုပ်နေတဲ့ နာဂစ်အိမ်ယာစီမံကိန်းက အိမ်အလုံး ၂၀ ကျော် အိမ်အမိုးတွေ ပျက်စီးသွားပေမယ့် လူသေဆုံးမှုတော့ မရှိဘူးလို့ မြို့ခံ ၂ ဦးက ပြောပါတယ်။

"အဓိကက ကြိမ်ချောင်းကြီး ကျေးရွာမှာပဲဖြစ်တယ်၊ အသေအပျောက်တော့မရှိဘူး၊ ၁၀ ဦးလောက်တော့ ဒဏ်ရာရတယ်လို့ပြောတယ်။ မော်ကျွန်းအပိုင်ကဇောင်းရွာ စာသင်ကျောင်းနည်းနည်းပျက်သွားတယ်။ ထူးကုမ္ပဏီက အိမ်ယာစီမံကိန်းတွေလုပ်တဲ့ ရေယာထဲမှာ အိမ်အလုံး ၂၀ ကျော်လောက် အမိုးလန်သွားတယ်တဲ့။ အိမ်တလုံးက တိုင်ပါကျွတ်သွားတယ်။ မိသားစုပေါင်း ၃၀ လောက်ထိသွားတယ်တဲ့။ လူကြီးတွေလာရင် တည်းခိုတဲ့ ဘိုတဲ တဝက်လောက် ပြိုသွားတယ်လို့ ကြားတယ်။ ခဏလေး မွှေနှောက်သွားတာတောင်မှ အိမ်ခေါင်မိုးလန်အိမ်တိုင်ကျွတ်တာတွေရှိတယ်။ အသေ အပျောက် တော့မရှိဘူး။"

အခုလောလောဆယ် လေဆင်နှာမောင်းဒဏ်ခံရတဲ့ မိသားစုဝင်တွေက နီးစပ်တဲ့ မိတ်ဆွေအိမ်မှာ နေထိုင်ရတယ်လို့ပြောပါတယ်။ ဘိုကလေးမှာရှိတဲ့ ကြက်ခြေနီအဖွဲ့တွေက အဲဒီရွာကို ချက်ခြင်းဆင်းသွားကြပေမယ့် မိုးတွေအဆက်အပြတ်ရွာနေလို့ နေအိမ်တွေ ချက်ခြင်းဆောက်လုပ်ဖို့ရော၊ သူတို့ရဲ့လယ်ယာလုပ်ငန်းအတွက် ခက်ခဲနေကြတယ်လို့ ပြောပါတယ်၊ နာဂစ်နောက်ပိုင်း လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်တာ ထူးခြားမှုဖြစ်နေပြီး၊ နာဂစ်ကြောင့် ပျက်စီးသွားတဲ့ သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်နိုင်တယ်လို့ ဘိုကလေးမြို့ခံ တဦးက ပြောပါတယ်။

"ကျနော်တို့ဘက်မှာ လေဆင်နှာမောင်းတိုက်တာ အစဉ်အလာသိပ်မရှိဘူး။ ထူးထူးခြားခြား နာဂစ်တိုက်ပြီးတဲ့ နောက်ပိုင်း ရာသီဥတုပြောင်းလဲမှုတွေ ပုံမှန်လိုလိုဖြစ်နေတော့ အခုက မိုးကရွာရင် လေပါလာတယ်။ ဒီမှာက နာဂစ်ကြောင့် အကုန်လုံးကခံစားထားရတော့ မိုးရွာပြီဆိုရင် လေတိုက်လာရင် လန့်နေကြတာပေါ့။ ညဘက်ဆို မအိပ်ကြဘူး။ ရာသီဥတုအပေါ်မှာ အကုန်လုံးက စိုးရိမ်တကြီး ဖြစ်နေတယ်။ ရာသီဥတုနဲ့ ပတ်သက်ပြီး ရေဒီယိုက သူတို့ထုတ်ပြန်တာတွေသိပ်ပြီး တိတိကျကျမရှိလှဘူး။"

အခုလ ၁၄ ရက်နေ့ နေ့ခင်းပိုင်းက နာဂစ်ဒဏ်ခံရတဲ့ ဘိုကလေးက ရွာ ၂ ရွာကို လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်တဲ့အခြေအနေဖြစ်ပါတယ်။

**ဂျူလိုင် ၁၀၊ DVB ။ ။** ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီအား ၂ မိနစ်သာတွေ့ခွင့်ပေးခဲ့မှုနှင့် ၁၉၉၀ ရွေးကောက်ပွဲအကြောင်းမပြောဘဲ ၂၀၁၀ ရွေးကောက်ပွဲအကြောင်းသာ ပြောခဲ့၍ စီအာရ်ပီပီမှ ဘန်ကီမွန်းမြန်မာခရီးစဉ်ကို စိတ်ပျက်ကြောင်း ထက်အောင်ကျော်မှ သတင်းဝေဖန်၏။

**ဂျူလိုင် ၁၂၊ PARIS ။ ။** အဆိုကျော် ဘိုနိုသည် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးသီချင်း ဆိုခဲ့၏။

**ဂျူလိုင် ၁၃၊ DVB ။ ။** ရခိုင်ပြည်နယ် အဲန်အဲလ်ယ်ဒီမှ ဦးကျော်ခိုင် (၈၇နှစ်) အား ထောင်၂ နှစ်ချလိုက်ကြောင်း၊ သူသည်ကျန်းမာရေးကြောင့် တရားခွင်တွင်မေ့လဲဘူးခဲ့ကြောင်း။

**ဂျူလိုင် ၁၃၊ NY ။** မြန်မာ့အရေး လုံခြုံရေးကောင်စီမှကိုင်တွယ်ဖြေရှင်းရန် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ ဗမာနိုင်လုံးဆိုင်ရာကျောင်းသားသမဂ္ဂအဖွဲ့ချုပ် သံဃာ့တပ်ပေါင်းစုတို့မှ လုံခြုံရေးကောင်စီသို့ ယနေ့အိတ်ဖွင့်ပေးစာ ပေးအပ်ခဲ့၏။

**ဂျူလိုင် ၁၃၊ DVB ။ ။** ဒီကေဘီအေနှင့်ကေပီအက်ဖ် (ကရင်ငြိမ်းချမ်းရေးအဖွဲ့ )မှ စုစုပေါင်း အဖွဲ့ဝင် ၇၀ ခန့်သည် KNU သို့ ပြန်ဝင်ရောက်လာကြောင်း KNU မှ ဆို၏။

**ဂျူလိုင် ၁၃၊ DVB ။ ။** မလေးရှားတွင် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ကျင်းပပွဲတွင် မလေးရှားအာဏာပိုင်များဖမ်းခဲ့သူ မြန်မာ ၁၄ ဦးအနက် ယူအဲန်အသိအမှတ်ပြုခံရသူ ၅ ဦးအား ပြန်လွှတ်ခဲ့ပြီး ကျန် ၉ ဦးအား (တရားမဝင်နေထိုင်မှုဖြင့်) ယနေ့အမှုထုတ်ခဲ့၏။

**ဂျူလိုင် ၁၄၊ DVB ။ ။** ဇွန်လတွင် နအဖထိုးစစ်ကြောင့် ထိုင်းသို့ပြေးလာသော ဒုက္ခသည်များအား တပတ်အတွင်း အိမ်ပြန်ရန် ထိုင်းမှဖိအားပေးကြောင်း။

**ဂျူလိုင် ၁၄၊ DVB ။ ။** အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဆိုလျှင် နိုင်ငံရေးအကျဉ်းသားများပါရန်လိုကြောင်း ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာ) အေအေပီပီ AAPP-B မှဆို၏။

**ဂျူလိုင် ၁၄၊ DVB ။ ။** အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု နအဖ သံအမတ်ဦးသန်းဆွေမှ ကုလတွင် ဘန်ကီမွန်းခရီးစဉ် လုံခြုံရေးကောင်စီသို့ တင်ပြရာတွင်ဆို၏။ လွတ်ငြိမ်းချမ်းသာခွင့်ရသူများတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ ပါ မပါ ထည့်မပြောကြောင်း။

**ဂျူလိုင် ၁၄၊ DVB ။ ။** အာဇာနည်နေ့ အခမ်းအနားကျင်းပရေးကို အဲန်အဲလ်ယ်ဒီမှ ပြင်ဆင်နေ၏။

**ဂျူလိုင် ၁၄၊ DVB ။ ။** အလုံ အေးရှားဝေါ ဆိပ်ကမ်းတွင် ယနေ့ပေါက်ကွဲမှုဖြစ်ရာ အလုပ်သမားတဦးဒဏ်ရာရခဲ့ကြောင်း။

**ဂျူလိုင် ၁၅၊ Korea Times ။ ။** အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ကလင်တန်သည် အိန္ဒိယတွင် မြန်မာ့အရေးဆွေးနွေးဖြစ်မည်။

**ဂျူလိုင် ၁၅၊ RFA ။ ။** အကြောင်းအမျိုးမျိုးကြောင့် ထိုင်းရောက်နေသော တရားမဝင်မြန်မာလုပ်သားများအား နအဖမှ ယနေ့မှစ၍ မှတ်ပုံတင်များစတင်ပေးနေကြောင်း။

**ဂျူလိုင် ၁၅၊ DVB ။ ။** ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးနှင့် ဆက်ကျွန်းရွာတို့တွင် ယမန်နေ့က လေဆင်နှာမောင်းကြောင့် လူ ၁၀ ဦးခန့်ဒဏ်ရာရခဲ့ကြောင်း ဒေသခံများမှဆို၏။

**ဂျူလိုင် ၁၅၊ RFA ။ ။** ၂၀၀၈–၀၉ ဘဏ္ဍာနှစ်အတွင်း မြန်မာတွင် အများဆုံးမြှပ်နှံသူသည် ဒေါ်လာ တစ်ဘီလီယံဖြင့် တရုတ်နိုင်ငံဖြစ်ကြောင်း။

**ဂျူလိုင် ၁၅၊ DVB ။ ။** လူထုကိုမျက်နှာမူတဲ့ပြည်သူနှင့် တသားတည်းကျသည့် လူထုနိုင်ငံရေးကို ဆက်လက်လုပ်ဆောင်မည်ဟု ဦးဝင်းတင်မှဆို၏။

**ဂျူလိုင် ၁၅၊ DVB ။ ။** သတင်းနှင့်ပြန်ကြားရေးကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း အဲန်အဲလ်ယ်ဒီမှဆို၏။

**ဂျူလိုင် ၁၅၊ DVB ။ ။** လဆန်းရေကြီးမြေပြိုခဲ့၍ အစိုးရအဆိုအရ ၂၄ ဦး သေဆုံးခဲ့သော ကချင်ပြည်နယ် ဖားကန့်မြို့တွင် နအဖမှ ကယ်ဆယ်ရေးစခန်း ၅ ခုဖွင့်ခဲ့ကြောင်း။

**ဂျူလိုင် ၁၆၊ DVB ။ ။** ငြိမ်းအဖွဲ့များနှင့် နယ်ခြားစောင့်တပ်ကိစ္စ အများပြည်သူပိုမိုသိသင့်သည်ဟု ဒီမိုကရေစီအင်အားစုများမှဆို၏။

**ဂျူလိုင် ၁၆၊ DVB ။ ။** မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်မြစ်တွင် ထူးကဲသည့်ဒီရေတက်ဖွယ်ရှိကြောင်း မိုး– ဇလဗေဒဌာနမှဆိုကြောင်း ယနေ့သတင်းစာများမှဆို၏။

**ဂျူလိုင် ၁၆၊ NASDAQ ။ ။** မြန်မာနှင့်မြောက်ကိုးရီးယား အနုမြူပြဿနာသည် အာဆီယံလုံခြုံရေး ရှေ့အပတ်ဆွေးနွေးပွဲကို လွှမ်းမိုးမည်ဖြစ်ကြောင်း။

**ဂျူလိုင် ၁၆၊ RFA ။ ။** နာရေးကူညီမှုအသင်း ရန်ကုန်ရုံးခန်းနှင့် သုခကုသိုလ်ဖြစ်ဆေးခန်းတို့ကို သင်္ကန်းကျွန်းမှ မြောက်ဒဂုံသို့ပြောင်းရွှေ့ခဲ့ပြီး ဂျူလိုင်၂၀ မှစ၍ဖွင့်မည်။

**ဂျူလိုင် ၁၆၊ RFA ။ ။** အာဆီယံဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာအရေး အဓိကထားမည်။

**ဂျူလိုင် ၁၆၊ RFA ။ ။** ဟသ်ာတတွင် ထောင် ၃၉ နှစ်ကျနေသော မန္တလေး မင်းကြီးကျောင်းမှ ဦးကေလာသ အယူခံမှုတွင် တရားရုံးမှ ထောင် ၁၆ နှစ်လျှော့ခဲ့၏။

**ဂျူလိုင် ၁၆၊ RFA ။ ။** နအဖ ပြောတိုင်းမယုံဘဲ လက်တွေ့လုပ်ရပ်ကိုကြည့်ရန် ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းအပါအဝင် ကုလအရာရှိများ၊ လုံခြုံရေးကောင်စီဝင်များအား မြန်မာနိုင်ငံရေးအကျဉ်းသားများအား ကူညီပံ့ပိုးသောအဖွဲ့ (AAPP) မှ ထပ်မံ သတိပေးတိုက်တွန်း၏။

**ဂျူလိုင် ၁၆၊ RFA ။ ။** မြန်မာဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် နအဖစစ်အုပ်စုကို အာဆီယံအစိုးရများမှ ဝိုင်းဝန်းတိုက်တွန်းကြရန် ဘန်ကီမွန်းမှ ဆို၏။

**ဂျူလိုင် ၁၆၊ UN ။ ။** မြန်မာသည် အဆင်းရဲဆုံး ၄၉ နိုင်ငံတွင်ပါကြောင်း ယနေ့ထုတ် ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးကောင်စီ၏ သုံးနှစ်တကြိမ်ထုတ်ပြန်ချက်မှဆို၏။

**ဂျူလိုင် ၁၆၊ RFA ။ ။** NLD လူငယ်များအတွက် ဂျူလိုင် ၁၅ မှစ၍ ဥပဒေရေးရာဆွေးနွေးပွဲပြုလုပ်ရာ ရှေ့နေဦးသိန်းညွှန့်မှဦးစီးဆွေးနွေး၍ တက်ရောက်သူ ၂၈ ဦးရှိ၏။

**ဂျူလိုင် ၁၆၊ DVB ။ ။** အေအိုင်ဒီအက်စ်၊ အဆုပ်ရောဂါနှင့် ငှက်ဖျားရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် ထပ်ဆင့်၍ ဒေါ်လာ ၁၄ သန်းပေးမည်ဟု သရီးဒီဖန် ရံပုံငွေအဖွဲ့မှဆို၏။

**ဂျူလိုင် ၁၇၊ Natural Geoscience ။ ။** နာဂစ်မုန်တိုင်းကြောင့် မြန်မာတွင် လူ ၁၃၈,၀၀၀ ကျော်သေဆုံးရသည်ဟု ဂျော်ဂျီယာစက်မှုသိပ္ပံ၏ ဤစာစောင်မှဆို၏။

**ဂျူလိုင်၁၇၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှု နောက်ဆုံးလျှောက်လဲချက်ကို ရှေ့နေများဖြစ်သော ဦးကြည်ဝင်း၊ ဦးညဏ်ဝင်း၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်တို့နှင့် ယနေ့ဆွေးနွေးစဉ် အမှုတခုလုံး မတရားဟု ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း ဦးညဏ်ဝင်းမှဆို၏။ ၂၄ ဂျူလိုင်မတိုင်မီ သူမနှင့်ရှေ့နေများထပ်တွေ့ရန်ရှိ၏။

**ဂျူလိုင် ၁၇၊ LDN ။ ။** သံဃာ့အရေးအခင်းတွင် သက်စွန့်မြန်မာဗီဒီယိုရိုက်သူများ၏ သတင်းကားများ စုစည်းထားသည့် Burma VJ (video journalists) ရုပ်ရှင်ကား လန်ဒန်နှင့်ကမ္ဘာ့မြို့တော်အချို့တွင် ယနေ့စတင်ဖွင့်လှစ်ပြသ၏။

**ဂျူလိုင် ၁၇၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်အပေါ် လည်စယ်လုပ်ကြံမှုသည် လွတ်လပ်မှုနိယာမ၏ တနေ့ မလွဲမသွေဖြစ်မည့် ရလဒ်အခြေအနေကို ရက်၊ လရွှေ့ရန် ပျက်သုဉ်းတော့မည့်စစ်အုပ်ချုပ်ရေးအဖွဲ့၏ အကြံကုန်ဂဠုန်ဆားချက်ခြင်းသာဖြစ်ပြီး မြန်မာ၏အိမ်နီးချင်းများအား မြန်မာအားဖိအားပေးရန် အာရှသို့ အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ခရီးစဉ်အကြိုနေ့တွင် ရီပါဘလစ်ကင်အမတ် John McCain မှ ဆို၏

**စာမျက်နှာ ၁၁ သို့**

# မြန်မာပြည်၏ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် လူငယ်တို့ သည်းမခံနိုင်တော့ပြီ

**DVB ၊ ဂျူလိုင် ၁၂ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာနိုင်ငံကိုလာပြီး ကြားဝင်ဖြန်ဖြေပေးဖို့ကြိုးစားပေမယ့် အောင်မြင်မှုမရတဲ့အပေါ် အားလုံးက စိတ်ပျက်နေကြပါတယ်။

တချို့လူငယ်တွေဆိုရင် လက်ရှိအခြေနေအပေါ် သည်းမခံနိုင်တော့တဲ့အတွက် ဆန္ဒပြဖို့၊ လူထုလှုပ်ရှားမှုလုပ်ဖို့အထိ ပြင်နေတယ်လို့ အခုသီတင်းပတ်အတွင်း သခင်ချန်ထွန်းက ပြောပါတယ်။ ရန်ကုန်ကနေပေးပို့တဲ့ အေပီသတင်းမှာတော့ လက်ရှိအခြေအနေအပေါ် စိတ်ပျက်နေတဲ့၊ ဒီအခြေနေဆိုးကို ပြောင်းလဲအောင်လုပ်နိုင်စွမ်းမရှိတဲ့ ဒီနေ့ ပညာတတ်လူငယ်တွေဟာ ဒီအခြေနေဆိုးက နေလွတ်မြောက်အောင်ဆိုပြီး ပြည်ပထွက်၊ ပညာသင်၊ အလုပ်လုပ်ဖို့ ပြင်နေကြတယ်လို့ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ အေပီသတင်းဆောင်းပါးမှာဆိုရင် အရှေ့ပိုင်းတက္ကသိုလ်က ပူပူနွေးနွေး ဥပဒေဘွဲ့ရလာတဲ့ ၂၂ နှစ်အရွယ်ကျောင်းသားတယောက်ဆိုရင် ကျောင်းဆက်တက်ဖို့လည်း အဆင်မပြေ၊ အလုပ်လုပ်မယ်ဆိုရင်လည်း ဒေါ်လာ ၅၀ ထက် ပိုရစရာလမ်းမမြင်တဲ့အတွက် ဩစတြေးလျားနိုင်ငံကို သွားပြီး ပညာသင်ခွင့်ရအောင် ကြိုးစားနေတယ်လို့ဆိုပါတယ်။

နောက်လူငယ်တဦးကလည်း လက်ရှိနိုင်ငံရေးအခြေအနေပေါ် သည်းမခံနိုင်လောက်အောင် ဖြစ်နေပေမယ့် နိုင်ငံရေးအပြောင်းအလဲဖြစ်အောင် သူကိုယ်တိုင်ကလည်းပဲ ဘာမှမလုပ်နိုင်တဲ့အတွက် လတ်တလောအခြေအနေမှာ ပြည်ပထွက်သွားတာ အကောင်းဆုံးပဲလို့ ပြောပါတယ်။ ၁၀ တန်းအောင်၊ ဘွဲ့ရ လူငယ်တော်တော်များများဟာ အင်္ဂလိပ်စာသင်တန်းတွေကို အလုအယက်တက်၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ရုံးရှေ့မှာ တန်းစီနေတယ်လို့လည်း အေပီသတင်းမှာဆိုထားပါတယ်။ လက်ရှိပညာရေးအခြေနေက ဘယ်လောက်အထိဖြစ်နေလို့ လူငယ်တွေ ဒီလောက်အထိ နိုင်ငံခြားထွက်ချင်နေတာလဲဆိုတာနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့က ဒေါက်တာဘွဲ့ရ ကျောင်းဆရာမတဦးက သူ့အမြင်ကို ပြောပါတယ်။

"ဒီမှာဆက်တက်လို့ ဘွဲ့ရပြီးရင်လည်း သူတို့ လုံလောက်တဲ့ လစာရတဲ့အလုပ်က မရှိဘူးလေ။ ပိုက်ဆံတွေ အရမ်းကုန်တဲ့ သင်တန်းတွေတက်ပြီး ပြန်ရတဲ့လခက နည်းတော့ သိပ်မတန်ဘူးပေါ့။ အဲလိုမျိုးကြောင့်လည်း အပြင်ထွက်တာပါလိမ့်မယ်။ ဟိုတလောကမှ ကျမ ဗီယက်နမ်က ပြန်လာတာ ကိုယ့်ထက်အများကြီးသာနေပြီ။ ၂၄ နာရီ မီးရတယ်ဗျာ။ ဒီမှာထက် အင်တာနက်ကို မြန်မြန်သုံးနိုင်တယ်။ သူတို့ကလည်း နိုင်ငံစီးပွားရေးတိုးချဲ့နေတဲ့နိုင်ငံဆိုတော့ ဒီပညာရေးနဲ့လည်း စီးပွားဖြစ်အောင်လုပ်လို့ရတယ်ဆိုတာ အမေရိကားတို့၊ ယူကေတို့က သူတို့မျက်စိရှေ့မှာတင် ဆရာကြီးလေ။"

"နိုင်ငံအစိုးရတွေလည်း မြင်လာတော့ သူတို့က ပညာရေးကို ကောင်းကောင်းလုပ်လာတယ် မြှင့်တင်လာတယ်။ ကျမတို့ တက္ကသိုလ်မှာ ထောက်ကူပစ္စည်းကမကောင်းဘူး။ ကွန်ပြူတာတက္ကသိုလ်ဆိုပေမယ့်၊ အစိုးရတက္ကသိုလ်ဖြစ်ပေမယ့် မီးစက်နဲ့မောင်းနေရတယ်၊ မီးစက်ကျတော့လည်း ဓာတ်ဆီဖိုးက အရမ်းကုန်ကျတော့ အချိန်နဲ့ဖွင့်ပေးရတာတို့ ဘာတို့ဆိုတော့ ကလေးတွေက ကိုယ့်တိုင်းပြည်အပေါ် အထင်မြင်သေးလာတာလည်း ပါမှာပေါ့။ ဒီထက်တော့ ဘယ်နေရာမဆို သာမယ်လို့လည်း ကလေးတွေရော မိဘတွေကပါ ယူဆလာဟန်တူပါတယ်။"

ရန်ကုန်က ပညာရေးကိုစိတ်ပျက်လို့ နိုင်ငံခြားထွက်ပြီး ပညာသင်နေတဲ့ လန်ဒန်မြို့ရောက် ကျောင်းသူ ဝေနှင်းပွင့်သုန်က သူ ဘာကြောင့် နိုင်ငံခြားထွက်ဖို့ဖြစ်လာရတယ်ဆိုတာကို ပြောပါတယ်။

"သမီး ဒီနိုင်ငံကိုထွက်လာဖို့ အဓိကရည်ရွယ်တာကတော့ စာသင်ဖို့ပေါ့။ ရန်ကုန်မှာ စာမေးပွဲအောင်ပြီး တက္ကသိုလ်ကျောင်းကို လျှောက်တဲ့အခါ ကိုယ်လိုချင်တဲ့ ဘာသာရပ်ကို လျှောက်ခွင့်မရခဲ့ဘူး။ အဲဒီအချိန်မှာ သမီးခံစားရတာက ဘယ်လိုမှ ပညာသင်လို့ မရတော့ဘူး၊ ဘဝမှာ ရှေ့ရေး ဘာမှမရှိတော့ဘူးဆိုပြီး နိုင်ငံခြားမှာပဲ ပညာသင်မယ်လို့ ဆုံးဖြတ်ပြီးထွက်လာတာ။ သမီးက ပညာတတ်တယောက်အရမ်းဖြစ်ချင်တယ်။ သမီးပညာတတ်ဖြစ်မှ မိသားစုကို ထောက်ပံ့နိုင်မယ်လို့ ယုံကြည်လို့ ဒီနိုင်ငံမှာ ထွက်လာပြီး ပညာသင်ဖို့ဆုံးဖြတ်ခဲ့တာ။"

မြန်မာနိုင်ငံမှာ ဘွဲ့ရတဲ့ပညာက တော်တော်များများက ပြောတာတော့ ပြန်အလုပ်လုပ်ဖို့သုံးလို့မရဘူးဆိုတော့ အပြင်မှာ သင်တန်းတွေထပ်တက်ရတယ်။ အဲတော့ ပိုက်ဆံတွေကုန်ပြန်ရော။ ပိုက်ဆံတွေကုန်တော့ တချို့တွေစဉ်းစားတာက နိုင်ငံခြားမှာ ပညာတခုကောင်းကောင်းမွန်မွန် သင်လိုက်ရင် ပိုပြီးအကျိုးရှိမယ်ဆိုပြီး စဉ်းစားတာ။ မြန်မာနိုင်ငံမှာက ဗမာအစိုးရက ပညာရေးနဲ့ပတ်သက်ရင် ဘာမှအားမပေးတော့ လူငယ်တော်တော်များများက လုံးဝအားမရှိတော့ဘူး။ ဗဟုသုတနဲ့ပတ်သက်ပြီး၊ နိုင်ငံရေးရာနဲ့ပတ်သက်ပြီး ဘာမှအမြင်မရှိတော့ နိုင်ငံခြားမထွက်ရင် သူတို့မှာ ပညာရေးအစစ်ကို လေ့လာခွင့်မရတဲ့ဟာမျိုးပေါ့နော်။"

အခြေနေအရပ်ရပ်ကို စိတ်ပျက်ပြီး လူငယ်အများစု အခုလို နိုင်ငံခြားထွက်နေပေမယ့် ရွှေဂုံတိုင်လမ်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ နိုင်ငံခြားမထွက်ဘဲ မြန်မာ့နိုင်ငံရေးအခြေအနေ ပြောင်းလဲအောင် ကြိုးစားလုပ်ကိုင်နေတဲ့ လူငယ်တချို့လည်း ရှိနေဆဲဖြစ်ပါတယ်။ သူတို့တွေက နိုင်ငံခြားထွက်သွားတဲ့ သူတွေကိုလည်း အပြစ်မမြင်ဘူးလို့ ပါတီဝင်လူငယ်တဦးက ပြောပါတယ်။

"ကျနော်တို့က ဘယ်ထွက်လို့ဖြစ်မလဲ၊ ဒီမှာ အလုပ်တွေရှိနေတာပဲ။ အဖွဲ့ချုပ်လူငယ်မှာ အဖွဲ့ချုပ်လူငယ်အလုပ်တွေ ရှိနေတာပဲ။ ကျနော်တို့ ဒီမှာလုပ်နေရတာပဲ ထွက်တဲ့လူတွေကို ကျနော်တို့က မှတ်ချက်မပေးပါဘူး၊ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်ခံယူချက်နဲ့လုပ်ဆောင်ကြတဲ့ကိစ္စတွေပဲ။ အမြင်ချင်းမတူကြဘူးလေ။ ကျနော်တို့က အပြင်ထွက်တဲ့ လူတွေကို ဘာမှမှတ်ချက်မပေးလိုဘူးလေ။"

---

## ရန်ကုန် မန္တလေးလျှပ်စစ်အမြန်ရထားလမ်းဖောက်ဘို့ စီစဉ်

**RFA ၊ ဂျူလိုင် ၁၄ ။** ။ လာမယ့် အောက်တိုဘာလအတွင်း ရန်ကုန်–နေပြည်တော်–မန္တလေး လျှပ်စစ်အမြန်ရထားလမ်းဖောက်လုပ်ဘို့ စစ်အုပ်စုက စီစဉ်နေတယ်လို့ သိရပါတယ်။

ဒီစီမံကိန်းကို ကကကိန်းလို့ခေါ်တဲ့ တပ်မတော်ကာကွယ်ရေးဝန်ကြီးဌာန စီမံကိန်းဌာနက ကြီးကြပ်တာဝန်ယူဖောက်လုပ်သွားမှာဖြစ်ပြီး တရုတ်နည်းပညာကိုအသုံးပြုဘို့စီစဉ်နေတယ်လို့ သိရပါတယ်။ စစ်အစိုးရနဲ့နီးစပ်တဲ့ ဆောက်လုပ်ရေးကုမ္ပဏီတချို့ကိုလည်း တဆင့်ခံလုပ်ငန်း ကန်ထရိုက်တွေ ချပေးဘို့စီစဉ်ထားတယ်လို့ သိရပါတယ်။

ဒီစီမံကိန်းကို လက်ရှိ ရန်ကုန်–မန္တလေး ကားလမ်းဘေးနဲ့ ဘေးချင်းယှဉ်ဖောက်လုပ်သွားမှာဖြစ်ပြီး စီမံကိန်းပြီးစီးသွားပါက ရန်ကုန်–နေပြည်တော် ၂ နာရီ၊ နေပြည်တော်–မန္တလေး ၂ နာရီ၊ ရန်ကုန်–နေပြည်တော်–မန္တလေး စုစုပေါင်း ၄ နာရီနဲ့ခရီးပေါက်မှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလျှပ်စစ်အမြန်ရထားလမ်း စီမံကိန်းဟာ အများပြည်သူသွားလာမှု အဆင်ပြေရေးနဲ့အတူ ကာကွယ်ရေးအတွက် မဟာဗျူဟာကျကျ အကောင်အထည်ဖော်တာဖြစ်တယ်လို့လည်း စစ်အုပ်စုနဲ့နီးစပ်သူ တချို့ကပြောပါတယ်။

ဒါ့အပြင် တခြားသတင်းတပုဒ်အရ ပြီးခဲ့တဲ့ နိုဝင်ဘာလက ဗိုလ်ချုပ်ကြီးသူရရွှေမန်းဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားနိုင်ငံ လေ့လာရေးခရီးက ပြန်လည်ရောက်ရှိပြီးနောက် စစ်အုပ်စုက နေပြည်တော်မှာ မြေအောက်ရထားလမ်းဖောက်လုပ်ဘို့ တက်သုတ်ရိုက်စီစဉ်ခဲ့ပေမယ့် ကုန်ကျစရိတ်ကြီးမြင့်တာကြောင့် အဲဒီစီမံကိန်းကို ခေတ္တဆိုင်းငံ့ထားတယ်လို့ သိရပါတယ်။

စီမံကိန်းရာထားချက်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့နေအိမ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးရဲ့နေအိမ်နဲ့ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့ရဲ့ နေအိမ်တွေကို နေပြည်တော်စစ်ရုံးချုပ်နဲ့ မြေအောက်ကနေဆက်သွယ်ပြီး အမြန်ရထားလမ်းဖောက်လုပ်မှာဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမယ့် ၁ ကီလိုမီတာ အကွာအဝေးကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ လောက် အကုန်အကျများနိုင်တဲ့အတွက် ဒီစီမံကိန်းကို လတ်တလော ဆိုင်းငံ့ထားဘို့ ဗိုလ်ချုပ်သန်းရွှေက ညွှန်ကြားထားတယ်လို့ပါ သိရပါတယ်။



# သတင်းတိုထွေထွေဖတ်စရာက

ကျော်စံကေး

## အမေရိကန်ကတွန်းအားပေးမည်

မြန်မာပြည်ကို ဒီမိုကရေစီသို့ ပြောင်းလဲရေးအတွက် အမေရိကန်သည် မူဝါဒပြောင်းလဲမှာမဟုတ်ဘူးလို့ ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး စကော့ မာစီယဲလ် ပြောကြားလိုက်ပါတယ်၊ သူက သမတအိုဘားမားအစိုးရရဲ့မြန်မာ နိုင်ငံအပေါ်ထားရှိတဲ့မူဝါဒသုံးသပ်မှုဟာ မပြီးပြတ်သေးဘူးလို့ ဆိုပါတယ်။ **(AP, 5.7.2009)**

## ဓာတ်ငွေ့ဖြင့် ပါးစပ်အပိတ်ခံထားရခြင်း

ကမ္ဘာပေါ်မှာ အကြီးဆုံးဒီမိုကရေစီနိုင်ငံလို့ ကြွေးကြော်နေတဲ့အိန္ဒိယဟာ မြန်မာ နိုင်ငံကနေ ဓာတ်ငွေ့နဲ့ သဘာဝအရင်းအမြစ်တွေရရှိဖို့နဲ့ စီးပွားရေးအခွင့် အလမ်းတွေကိုသာ မျှော်ကိုးနေတဲ့အတွက် မြန်မာပြည်ဒီမိုကရေစီပြုပြင်ပြောင်း လဲရေးအတွက် လုံးဝအသံတိတ်နေပါတယ်၊ အိန္ဒိယရဲ့အရှေ့ဘက်ကြည့် ပေါ်လစီဟာ ဒီမိုကရေစီကိုမကြည့်ပဲ စီးပွားရေးအကျိုးအမြတ်ကိုပဲကြည့်ပါ တယ်။ **(AFP,, VOV, 15.7.2009)**

## ဒေါ်စုနှင့် နအဖရွေးကောက်ပွဲ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မြန်မာပြည် စစ်အုပ်စုခေါင်းဆောင်တွေကို ဒေါ်စုကို လွှတ်ပေးဖို့ အလေးအနက်တောင်းလိုက် ပါတယ်။ ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်မှ ကျင်းပမယ်ဆိုတဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာ သမာသမတ်ကျပြီး အများကလက်ခံမယ့်ရွေးကောက် ပွဲဖြစ်လိမ့်မယ်လို့ ဘန်ကီမွန်းက နယူးယောက်မှာပြောလိုက်ပါတယ်။ **(RTT News, 13.7.2009)**

## မလေးရှားလည်းဝင်ကူပါဦး

မြန်မာစစ်ဗိုလ်ချုပ်တွေကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် နားချ တဲ့နည်းတွေနဲ့ စည်းရုံးကြိုးပမ်းနေတဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မလေးရှားနဲ့ အာဆီယံနိုင်ငံတွေလည်း မြန်မာပြည်ရဲ့ပြဿနာတွေ ကိုဖိုင်းဝန်းကူညီဖြေရှင်းပေးပါဦးလို့ တောင်းဆိုတယ်လို့ သိရပါတယ်။ မလေးရှား ဝန်ကြီးချုပ်က ဘန်ကီမွန်းဟာ နအဖဗိုလ်ချုပ်ကြီးတွေ တိုင်းပြည်ကို ဒီမိုကရေစီ နိုင်ငံဖြစ်လာစေဖို့ တကယ်ဦးတည်လုပ်မလားဆိုတဲ့အပေါ် သံသယရှိနေတယ်လို့ ဆိုပါတယ်။ **(BERNAMA, 16.7.2009)**

## ရန်ကုန်တွင်ပေါက်ကွဲခဲ့သည့်ဗုံး

အလုံမှာရှိတဲ့ အာရှဝေါလ်ဒ်ကွန်တိန်နာသင်္ဘောဆိပ်မှာ ဂျူလိုင် ၁၄ ရက် နေ့က ပေါက်ကွဲမှုအသေးစားလေးတခုဖြစ်ခဲ့ပါတယ်။ အဲဒါကို အာရှဝေါလ်ဒ် ကုမ္ပဏီက ငြင်းဆိုပါတယ်၊ အလုံမီးသတ်က ပေါက်ကွဲမှုကို အတည်ပြုပါတယ်။ သင်္ဘောဆိပ်အနီးရှိတဲ့ စက်မှုဆိပ်ကမ်းတာဝန်ရှိသူတဦးက ပေါက်ကွဲသံကြားတယ် လို့ ဆိုပါတယ်။ အာရှဝေါလ်ဒ်ကို ဘိန်းဘုရင်လော်စစ်ဟန်ရဲ့သား စတီဗင်လော ကပိုင်ပါတယ်။ လွန်ခဲ့တဲ့ လအနည်းငယ်ကလည်း အဲဒီဆိပ်ကမ်းကနေ မူးယစ် ဆေးဝါးတွေမိခဲ့ပါတယ်။ **(MIZZIMA, 14.7.2009)**

## ဟီးရိုးအင်းဖမ်းဆီးမှုအကြီးဆုံး

နအဖရဲ့သတင်းစာထဲမှာ ဂျူလိုင် ၁၀ ရက်နေ့က တာချီလိတ်အနီးမှာ ဟီးရိုးအင်း ၇၆၂ ကီလိုဂရမ် ဖမ်းဆီးရမိတဲ့သတင်းကို ဖော်ပြထားပါတယ်။ အဲဒါ အပြင် အမ်ဖက်တမင်းဆေးပြား ၃၄၀၀၀၀ ကိုလည်း ဖမ်းဆီးရမိခဲ့တယ်လို့ဆို ပါတယ်။ တကြိမ်ထဲမှာ အခုလောက်ဖမ်းဆီးမိတာဟာ ဒါဟာ ပထမဦးဆုံးအကြိမ် ပဲဖြစ်တယ်လို့ ဆိုပါတယ်။ **(AP, 16.7.2009)**

## အီးယူနဲ့ နအဖ

မြန်မာစစ်အာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်ရှိ တယ်ဆိုပြီး ထောင်ဒဏ်ချလို့ရှိရင် အီးယူက ပိုမိုပြင်းထန်တဲ့ ပြစ်ဒဏ်ခတ်အရေး ယူမှုကို လုပ်ဖို့ရာရှိတယ်လို့ ဗြိတိန်သံတမန်တဦးက ပြောပါတယ်၊ ငွေကြေးဆိုင်ရာ အရေးယူမှုက အရင်ဆုံးလာမယ်လို့ သူက သတိပေးထားပါတယ်။ အဲဒီလို အရေး ယူနည်းမျိုးဟာ နအဖနဲ့ သူ့ကိုကျောထောက်နောက်ခံပေးနေတဲ့သူတွေ အရင်ဆုံး အထိနာမှာဖြစ်တဲ့အတွက် ဒီလိုပြစ်ဒဏ်ခတ်အရေးယူတာဟာ ဆင်းရဲသားနဲ့ သာမန်မြန်မာပြည်သူတွေ အထိနာမှာမဟုတ်ပါဘူး။ **(EU BUSINESS, VOB, 17.7.2009)**

## ရွှေမန်းသမတ

နအဖကစီစဉ်ထားတဲ့ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ ဗိုလ်ချုပ်ကြီးရွှေမန်း ကို သမတအဖြစ်ခန့်ထားဖို့ ကြံစည်နေတယ်လို့သိရပါတယ်။ နအဖရဲ့ နာဂစ် အခြေခံဥပဒေအရ စစ်တပ်၊ လူမျိုးစု(အထက်)လွှတ်တော်၊ ပြည်သူ့(အောက်) လွှတ်တော်တို့က သမတလောင်းတဦးစီကို အဆိုပြုပြီး အဲဒီအထဲက တယောက် ဟာ သမတဖြစ်ပြီး ကျန်နှစ်ယောက်က ဒုတိယသမတဖြစ်ပါမယ်။ နအဖစစ်အုပ် စုက အာဏာဆက်လက်ချုပ်ကိုင်ဖို့ အပိုင်ကြံနေပါတယ်။ **(TRRAWADDY, VOB, 16.7.2009)**

## ကေအဲန်ယူဘက်ထွက်ပြေးခြင်း

နအဖနဲ့ပေါင်းပြီး ကေအဲန်ယူကို တိုက်နေတဲ့ ဒီကေဘီအေနဲ့ ကရင်ပြည်နယ်ချမ်း ရေးတပ်ဖွဲ့ဝင် ၇၀ လောက်ဟာ ကေအဲန်ယူဘက် ထွက်ပြေးလာကြတယ်လို့ သိရပါတယ်။ စစ်အုပ်စုဘက်ကို ကူးပြောင်းသွားပြီးမှ အခုတဖန် ကေအဲန်ယူဘက် ပြန်ပြေးလာတာဟာ ဘာအကြောင်းတွေကြောင့်လဲဆိုတာ အလေးထားစဉ်းစား ရမှာဖြစ်ပါတယ်။ (DVB, VOB, 15.7.2009)

### ပြက္ခဒိန်မှ

**ဂျူလိုင် ၁၇ ၊BKK ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှုတွင် သူမအားအပြစ်ပေးလျှင် ဥရောပသမဂ္ဂသည် မြန်မာအပေါ် ကန့်သတ်ပိတ်ပင်မှုတိုးမည်ဟု ဗြိတိသျှသံ တဦးမှဆို၏။

**ဂျူလိုင် ၁၇ ၊ RFA ။ ။** မြန်မာတွင် အာဇာနည်များကတ္တားမှမှိန်လာပြီး၊ အခမ်း အနားများသို့ သားသမီးများပင် အဖိတ်မခံရကြောင်း မန်းဘခိုင်၏သမီး ဒေါ်မြင့် မြင့်ခိုင်မှဆို၏။

**ဂျူလိုင် ၁၇ ၊ Irrawaddy ။ ။** နအဖ နေပြည်တော်တွင် လိုဏ်ခေါင်းတူးစီမံကိန်းတွင် လုပ်သားနှင့်အင်ဂျင်နီယာများ၏ မိသားစုအချို့ စိတ်ပူ၍ ယတြာခြေနေကြောင်း။

# မြန်မာနိုင်ငံရှိ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ပြောဆိုခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ မိန့်ခွန်းကောက်နုတ်ချက်များ (၂၀၀၉ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ရန်ကုန်မြို့)

**ယခင်ပတ်အဆက်**

ဒီမူဝါဒစည်းမျဉ်းတွေကို မြန်မာနိုင်ငံရဲ့ အနာဂတ်မှာလည်း အသေအချာထည့်သွင်းထားဖို့ ကျနော်တို့အတူတကွ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီအချက်ကိုအလေးအနက်ထားပြီး သတင်းစကားသုံးခုကို သယ်ဆောင်လာခဲ့ပါတယ်။

ပထမသတင်းစကားကတော့ လူသားရဲ့ဂုဏ်သိက္ခာကို လေးစားခြင်းဟာ ဘယ်ရပ်ဒေသမှာမဆို ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုတင်လိုအပ်ချက်တခုဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့တဲ့ ကုလသမဂ္ဂရဲ့ပထမဆုံးအဖွဲ့ဝင် နိုင်ငံတွေထဲမှာပါဝင်ပါတယ်။ လူ့အခွင့်အရေးနဲ့အခြေခံလွတ်လပ်မှုကို လေးစားလိုက်နာခြင်းဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့လူမှုရေးတိုးတက်မှုများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်တယ်ဆိုတာကို အားလုံးရဲ့သဘောဆန္ဒနဲ့ အဲဒီကြေညာချက်က အားမခံထားပါတယ်။

ကံမကောင်းအကြောင်းမလှစွာနဲ့ဘဲ အဲဒီ ကတိကဝတ်က လက်တွေ့လုပ်ဆောင်ချက်နဲ့ ကိုက်ညီမှုမရှိခဲ့ပါဘူး။ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးမှတ်တမ်းတွေဟာ အလွန်စိုးရိမ်ရတဲ့ အခြေအနေမှာရှိနေဆဲ ဖြစ်ပါတယ်။ မြန်မာအစိုးရဟာ သူတို့ရဲ့ရည်ရွယ်ချက်တွေအဖြစ် တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေးတွေကို ရှင်းရှင်းလင်းလင်း ပြောဆိုထားခဲ့ပါတယ်။ လာမယ့်နှစ်မှာကျင်းပမယ့် ရွေးကောက်ပွဲဟာ အများလက်ခံယုံကြည်ထိုက်တဲ့ ရွေးကောက်ပွဲတခုဖြစ်ချင်ရင် အဖွဲ့အစည်းအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်ဖို့၊ အများပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ဖို့ ထင်သာမြင်သာရှိဖို့ ဆောင်ရွက်ပေးရပါမယ်။

မြန်မာနိုင်ငံရဲ့ အနာဂတ်လမ်းကြောင်းဟာ လူ့အခွင့်အရေးကို လေးစားလိုက်နာမှုအပေါ်မှာ အခြေတည်ရပါမယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အချိန်မဆွဲဘဲ ပြန်လည်လွှတ်ပေးသင့်တယ်လို့ ကျနော်ပြောဆိုနေခြင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံခဲ့တဲ့ မနေ့ကနဲ့ဒီနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ခွင့်ပေးဖို့ ကျနော်တောင်းဆိုခဲ့ပါတယ်။ သူက ငြင်းဆန်လိုက်တဲ့အတွက် ကျနော်အလွန်အမင်း စိတ်ပျက်ခဲ့ပါတယ်။

မြန်မာ့နိုင်ငံရေးခေတ်သစ်တခု ပွင့်လန်းလာစေမယ့် သူတို့ရဲ့သံန္နိဋ္ဌာန်ကိုပြသဖို့ အကောင်းဆုံးအခွင့်အလမ်းတခုကို မြန်မာအစိုးရ လက်လွှတ်ဆုံးရှုံးခဲ့ပြီလို့ ကျနော်ယုံကြည်ပါတယ်။ ၂၀၁၀ မှာကျင်းပမယ့် ရွေးကောက်ပွဲကို ယုံကြည်ထိုက်ခြင်းရှိ မရှိ ဆိုသည့်အချက်က ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခွင့်ပေးတဲ့အပေါ်မှာ မူတည်ပါတယ်။ ဒီအချက်ဟာ မရှိမဖြစ်အရေးကြီးတဲ့ အစိုးရရဲ့အဓိပ္ပါယ်ရှိတဲ့ပူးပေါင်းဆောင်ရွက်မှုကို ပြသရမယ့် အရေးကြီးသင်္ကေတတခု ဖြစ်ပါလိမ့်မယ်။ နောက်ထပ်အချိန်ဆွဲမနေဘဲ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးဖြစ်စဉ်တွေထဲမှာ ပါဝင်ဆောင်ရွက်ခွင့်ပေးဖို့ ခွင့်ပြုရပါမယ်။

အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံသားအားလုံးကို ဤတိုင်းပြည်၏အနာဂတ်အကျိုးအတွက် အပြည့်အဝပံ့ပိုးကူညီ ဆောင်ရွက်ပိုင်ခွင့် ပေးရပါမည်။ ဒီလိုပံ့ပိုးကူညီချင်သူအားလုံးနဲ့ လွတ်လွတ်လပ်လပ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်နိုင်ခြင်းမရှိဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိနိုင်မှာမဟုတ်ပါဘူး။ သက်ဆိုင်ရာပါတီတွေအားလုံး၊ တိုင်းရင်းသားအုပ်စုအားလုံးနဲ့ လူနည်းစုလူမျိုးအားလုံးပါဝင်တဲ့စစ်မှန်သောတွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်တခုကို မြန်မာနိုင်ငံက စတင်အကောင်အထည်ဖော်ဖို့ လိုပါတယ်။

ပြည်သူတွေအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ လွတ်လပ်စွာပါဝင်ငြင်းခုံပိုင်ခွင့် ရှိရပါမယ်။ ဒီမိုကရေစီလုပ်ငန်းစဉ်ထဲမှာ မြန်မာပြည်သူတွေ အဓိပ္ပါယ်ရှိရှိနဲ့ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ အထောက်အကူပြုတဲ့ သတင်းအချက်အလက်တွေကို လွတ်လပ်စွာရယူပိုင်ခွင့်ရှိရပါမယ်။

ကြွရောက်လာကြတဲ့လူကြီးမင်းများခင်ဗျား...

အသွင်ကူးပြောင်းတဲ့ကာလတိုင်းဟာ ခက်ခဲပါတယ်။ မြန်မာနိုင်ငံဟာ အချုပ်အချာအာဏာပိုင် ဘုရင်နိုင်ငံမှသည် အသိမ်းပိုက်ခံ ကိုလိုနီနဲ့ ယခုအခါ လွတ်လပ်တဲ့နိုင်ငံတနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးကာလများကို ကြုံတွေ့ခဲ့ဘူးပြီးဖြစ်ပါတယ်။ ဒီသမိုင်းကြောင်းဟာ လက်နက်ကိုင်ပဋိပက္ခနဲ့ နိုင်ငံရေးထွက်ပေါက်မရှိခြင်းဆိုတဲ့ အမွေနှစ်ရပ်ကို သယ်ဆောင်ခဲ့ပါတယ်။ နိုင်ငံရေးထွက်ပေါက်မရှိခြင်းဆိုတာဟာ ၁၉၈၈ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေကို ဖိနှိပ်မှု၊ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်မှုနဲ့ ဒီနေ့အချိန်အထိ ဆက်လက်ဖြစ်ပွားနေတဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှုတွေကို အကြမ်းဖက်နှိမ်နင်းမှု စတဲ့ မကြာသေးခင်က စိတ်ထိခိုက်စရာကောင်းလှတဲ့ ဖြစ်ရပ်တွေပါဝင်ပါတယ်။

တချိန်တည်းမှာဘဲ အသိအမှတ်ပြုသင့်တဲ့ အပြုသဘောကြိုးပမ်းအားထုတ်မှုတချို့လည်း ရှိခဲ့ပါတယ်။ ခိုင်မြဲခြင်းမရှိသေးပေမယ့် အစိုးရနဲ့လက်နက်ကိုင်အုပ်စုတွေအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေဟာ ပဋိပက္ခတွေကို လျော့ပါးစေခဲ့ပါတယ်။ ဒီလိုရလဒ်တွေ နောက်ကြောင်းပြန်မသွားစေဖို့ လုပ်ဆောင်ရာမှာ ကုလသမဂ္ဂဟာ အတွေ့အကြုံအများအပြား ရှိခဲ့ပါတယ်။ အချုပ်အချာအာဏာ ပိုင်နက်နယ်မြေကိုလေးစားခြင်းနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုတာဟာ အစိုးရတိုင်းရဲ့တရားမျှတတဲ့စိုးရိမ်မှုတွေဖြစ်ပါတယ်။

နိုင်ငံရေးမျက်နှာစာကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပေးမယ်ဆိုရင် အုပ်စုတိုင်း၊ လူတဦးချင်းတိုင်းဟာ ပိုမိုကြီးမားတဲ့ အားလုံးစုပေါင်းလုပ်ဆောင်တဲ့ လုပ်ငန်းတခုရဲ့ အစိတ်အပိုင်းဖြစ်လာမှာဖြစ်ပြီး ဒီလိုလုပ်ဆောင်ခြင်းဟာလည်း အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့ ကျနော်တို့ အခိုင်အမာပြောချင်ပါတယ်။ စစ်တပ်၊ နိုင်ငံရေးပါတီအားလုံး၊ တိုင်းရင်းသားလူနည်းစုတွေ၊ လူထုအခြေပြု လူ့အဖွဲ့အစည်းတွေနဲ့ မြန်မာနိုင်ငံရဲ့ သားကောင်းသမီးကောင်း တိုင်းပြည်ရဲ့အသွင်ကူးပြောင်းရေးမှာ အခန်းကဏ္ဍတရပ်က ပါဝင်ရပါမယ်။

အပြန်အလှန် အပေးအယူ ညှိနှိုင်းခြင်း၊ လေးစားခြင်းနဲ့ နားလည်မှုရှိခြင်းတို့ကသာလျှင် ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေးတို့အတွက် အခြေခံအုတ်မြစ်များကို ချပေးနိုင်ပါတယ်။ ကျနော့်ရဲ့ဒုတိယသတင်းစကားကတော့ မြန်မာပြည်သူတွေရဲ့ လူသားချင်းစာနာထောက်ထားတဲ့ လိုအပ်ချက်တွေကို ဖြေရှင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ လုပ်ဆောင်ခဲ့တဲ့ တိုးတက်မှုတွေကို တခေါက် ပြန်လည်လာရောက်ကြည့်ရှုခွင့်ရတဲ့အတွက် ကျနော်ဝမ်းသာပါတယ်။ လူပေါင်း ၁၃၀,၀၀၀ လောက်သေကြေခဲ့တဲ့ ဆုံးရှုံးမှုကြီးဟာ အလွန်ဝမ်းနည်းကြေကွဲစရာဖြစ်ပါတယ်။ သို့ပေမယ့် ဒီနေ့ ကျနော်မြင်တွေ့ခဲ့ရတဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဟာ အံ့သြစရာကောင်းလှပါတယ်။

ဒီ ဝမ်းနည်းကြေကွဲစရာဖြစ်ရပ်ဟာ မြန်မာပြည်သူတွေရဲ့ ခံနိုင်ရည်စွမ်းအားကို ပြသခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာတလွှားမှာရှိတဲ့ ပြည်သူတွေကလည်း မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကို ဘယ်လောက်နက်နက်ရှိုင်းရှိုင်း ဂရုစိုက်တယ်ဆိုတာကို ဒီဖြစ်ရပ်က ပြသခဲ့ပါတယ်။ ခြုံပြောရမယ်ဆိုရင် ဆိုင်ကလုန်း နာဂစ် သဘာဝဘေးဒုက္ခအပေါ် အရေးယူတုန့်ပြန်ဆောင်ရွက်မှုဟာ အထီးကျန်ဖြစ်နေခြင်းကို ကျော်လွှားနိုင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ တန်ဘိုးကို သက်သေပြလိုက်ခြင်းဘဲဖြစ်ပါတယ်။

အလှူရှင်နိုင်ငံတွေရဲ့ ထောက်ပံ့ကူညီမှုတွေနဲ့ မြန်မာနိုင်ငံ၊ ကုလသမဂ္ဂနဲ့ အာဆီယံအသင်းကြီးတို့ရဲ့ သုံးပွင့်ဆိုင်အဖွဲ့ကတဆင့် အရင်ကမရှိခဲ့ဘူးတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တွေ့ရပါတယ်။ လူသားချင်းစာနာထောက်ထားတဲ့ အလွန်အရေးကြီးသောလုပ်ငန်းတွေဟာ အချုပ်အချာအာဏာဆိုတဲ့ စည်းမျဉ်းသဘောတရားနဲ့ ဆန့်ကျင်ခြင်းမရှိဘူးဆိုတာကို ပြသခဲ့ပါတယ်။

တခြားနိုင်ငံတွေမှာလို မြန်မာနိုင်ငံကိုပေးတဲ့ လူသားချင်းစာနာထောက်

ထားတဲ့ အကူအညီတွေဟာ နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားတွေမှုတွေမှာ ဓားစားခံမဖြစ်သင့်ပါဘူး။ လူသားချင်းစာနာတဲ့ အထောက်အပံ့နဲ့ ဖွံ့ဖြိုးရေးအထောက်အပံ့တို့ကို မြန်မာနိုင်ငံကလိုအပ်နေတဲ့ ပြည်သူအားလုံးရရှိနိုင်စေဘို့ ကျနော်တို့ အတူတကွ ပူးပေါင်းလုပ်ဆောင်သွားနိုင်ပါတယ်။ တကယ်လည်း ပူးပေါင်းလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ဒီအချက်ဟာ ကျနော့်ရဲ့တတိယမြောက် သတင်းစကားကို သယ်ဆောင်ဘို့ဖြစ်စေခဲ့ပါတယ်။ ခုအချိန်ဟာ မြန်မာနိုင်ငံအတွက် စီးပွားရေးစွမ်းအင်တွေကို လွတ်လပ်စွာအစွမ်းကုန် မောင်းနှင်ရတော့မယ့် အချိန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာရှတိုက်ရဲ့စီးပွားရေးစန်းပွင့်မှု အလယ်မှာရှိနေပါတယ်။ နိုင်ငံရဲ့ပတ်လည်က အလျင်အမြန်တိုးတက်နေတဲ့ လမ်းကြောင်းထဲ မြန်မာနိုင်ငံကို ထိန်းကျောင်းမောင်းနှင်သွားမယ်ဆိုရင် ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာမယ့် အသေချာဆုံးနည်းလမ်းဖြစ်ပါလိမ့်မယ်။

ပြင်ပနိုင်ငံတွေနဲ့ ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ဖွင့်လှစ်ပေးတဲ့ မြန်မာအစိုးရရဲ့မူဝါဒကို ကျနော်ကြိုဆိုပါတယ်။ ကုလသမဂ္ဂရဲ့ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေ အောင်မြင်ပြည့်မီစေဘို့ ကြိုးပမ်းအားထုတ်မှုတွေ၊ HIV ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးတွေ၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးနဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချရေးတို့မှာ အစိုးရရဲ့ကြိုးပမ်းမှုတွေကိုလည်း ကြိုဆိုပါတယ်။ ဒါပေမယ့် လက်တွေ့ဖြစ်ရပ်မှာ ပြည်သူသန်းပေါင်းများစွာ ဆင်းရဲမွဲတေမှုထဲ ဆက်လက်နေထိုင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လူနေမှုအဆင့်အတန်းဟာ အာရှတိုက်ရဲ့အနိမ့်ဆုံးနိုင်ငံတွေထဲမှာ ပါဝင်ပါတယ်။

မြန်မာပြည်သူတွေဟာ အလုပ်အကိုင်နဲ့အစားအစာအတွက် လုံခြုံရေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေအတွက် လိုအပ်နေပါတယ်။ မြန်မာပြည်သူတွေဟာ ဒေသတွင်းနဲ့ကမ္ဘာ့စီးပွားရေးက အကျိုးအမြတ်တွေ ရရှိခံစားနိုင်သလို ပံ့ပိုးကူညီမှုတွေလုပ်နိုင်စေဘို့ ကျနော်တို့အတူလက်တွဲ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တည်ငြိမ်ပြီးကြွယ်ဝချမ်းသာတဲ့ ဒီမိုကရက်တစ်မြန်မာနိုင်ငံကနေ ဒေသတွင်းနိုင်ငံတွေနဲ့ ကမ္ဘာကြီးကအကျိုးကျေးဇူးများ အများအပြားရရှိနေမယ့် အချက်ကို ကျနော်တို့ အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ကို ရရှိရေးအတွက် ကျနော်တို့အတူ လက်တွဲလုပ်ဆောင်ကြရပါမယ်။ မြန်မာအစိုးရအနေနဲ့ ဒီအချိန်အခါသမယကို လက်လွှတ်မခံဘဲ အမိအရ ဆုပ်ကိုင်ရပါမယ်။ နိုင်ငံတကာအသိုင်းအဝန်းက မြန်မာပြည်သူတွေကို ကူညီဘို့အတွက် ကမ်းလှမ်းလာမယ့် အခွင့်အလမ်းတွေကို အမိအရ ဆုပ်ကိုင်ရပါမယ်။

ကြွရောက်လာကြတဲ့ လူကြီးမင်းများခင်ဗျား...

ကျနော်ဟာ မိတ်ဆွေတယောက်အနေနဲ့ မြန်မာနိုင်ငံကို လာရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျနော့်ရဲ့တာဝန်က ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ စံနှုန်းတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေကို ထိန်းသိမ်းစောင့်ရှောက်ဘို့ ဖြစ်ပါတယ်။ အစိုးရ၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားအုပ်စုတွေ၊ လူထုအခြေပြုလူ့အဖွဲ့အစည်းတွေဟာ နိုင်ငံတနိုင်ငံ၊ ပြည်သူတရပ်အသွင်နဲ့ အနာဂတ်ခရီးလမ်းကို အတူတကွချီတက်နိုင်စေဘို့ ခင်ဗျားတို့အားလုံးကို အားပေးတိုက်တွန်းဘို့က ကျနော့်ရဲ့အခန်းကဏ္ဍ ဖြစ်ပါတယ်။

ပြည်သူတွေရဲ့အကျိုးစီးပွားကို ကွဲပြားခြားနားမှုတွေရဲ့အထက်မှာ ထားနိုင်မယ်ဆိုရင် အဖြေရှာနိုင်တဲ့ မဖြစ်နိုင်တဲ့အရာဆိုတာ ရှိမှာမဟုတ်တော့ပါဘူး။ ဒေသတွင်းနဲ့ ကမ္ဘာကြီးကလျင်မြန်စွာ ပြောင်းလဲနေပါတယ်။ မြန်မာနိုင်ငံဟာ ပူးပေါင်းဆောင်ရွက်ခြင်းကနေ အကျိုးအမြတ်ရရှိဘို့ ရပ်တည်ရပါလိမ့်မယ်။ မိမိနိုင်ငံရဲ့ အပြောင်းအလဲတွေကနေ အကျိုးအမြတ်ရရှိဘို့ ဆောင်ရွက်ရပါလိမ့်မယ်။ ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒရဲ့ အရေးကြီးတဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ မြန်မာအစိုးရက ထပ်ခါတလဲလဲ ဖော်ပြခဲ့ပါတယ်။

မြန်မာအစိုးရအနေနဲ့ စကားနဲ့အလုပ် ညီညွတ်စေဘို့ ကျနော်တို့ပြောလိုပါတယ်။ နိုင်ငံသားတွေရဲ့ လိုအပ်ချက်တွေနဲ့မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနဲ့ပိုမိုပူးပေါင်းဆောင်ရွက်လေလေ နိုင်ငံရဲ့အချုပ်အချာအာဏာက ပိုမိုခိုင်မြဲလေလေ ဖြစ်လာပါလိမ့်မယ်။ အဲဒီလိုဘဲ မြန်မာပြည်သူအားလုံးရဲ့ လူ့အခွင့်အရေးတွေကို အပြည့်အဝ လေးစားလိုက်နာရင်း စည်းလုံးညီညွတ်တဲ့၊ ငြိမ်းချမ်းတဲ့၊ ကြွယ်ဝချမ်းသာတဲ့၊ ဒီမိုကရေစီအနာဂတ်ဆိုတဲ့ ကျနော်တို့အားလုံးရဲ့ ရည်မှန်းချက်တွေကို မြန်မာပြည်သူတွေရရှိစေဘို့ အကူအညီပေးခြင်းဟာ နိုင်ငံတကာအဝိုင်းအဝန်းတခုလုံးရဲ့ တာဝန်ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# မြန်မာမီဒီယာ ကမ္ဘာအထိ ထိုးဖောက်မည်ဟု ဗိုလ်မှူးချုပ် ကျော်ဆန်းပြောဆို

**DVB | ဇူလိုင် ၁၃ ။** ။ မီဒီယာတွေကို မြန်မာပြည်တွင်းမှာသာမက ကမ္ဘာမှာပါ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမယ်လို့ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ပြောကြားလိုက်ပါတယ်။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မနေ့က လုပ်ခဲ့တဲ့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားရဲ့ ၆၄ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားမှာ အခုလို ပြောကြားလိုက်တာပါ။ နအဖမီဒီယာတွေ ကမ္ဘာကို ထိုးဖောက်နိုင်ဖို့ထက် ပြည်သူလူထုရဲ့ ယုံကြည်မှုကိုတောင်မရတဲ့ အခြေအနေပါလို့ အငြိမ်းစားအရာရှိကြီး တဦးက ပြောပါတယ်။

“သတင်းလာရင် ပိတ်လိုက်တာပဲ။ သတင်းတချို့က မမှန်ဘူး။ တချို့ကျတော့လည်း အမှန်အချက်အလက်တွေ မပါဘူး။ အဲ့ဒီတော့ သိပ်အားမကိုးတော့ဘူး။ နောက်တခုက နေ့တရုပ ဘာတွေဆောင်ရွက်တယ် ညာတွေဆောင်ရွက်တယ်ဆိုတဲ့ ခေါင်းဆောင်သတင်းတွေက လူထုအတွက် မထူးခြားတော့ဘူး။ သတင်းစာကြည့်ရင် သာရေးနာရေးပါတဲ့ နောက်ကျောကနေ လှန်ကြည့်တာများနေပြီ။”

အစိုးရရဲ့ သတင်းစာရှင်းလင်းပွဲတွေနဲ့ ထူးခြားတဲ့သတင်းတွေ ရှိနေရင်တော့ အစိုးရဘာပြောမလဲဆိုတာ သိချင်လို့ တခါတရံ ကြည့်ဖြစ်တယ်လို့လည်း သူက ပြောပါတယ်။ အခြား အငြိမ်းစားအရာရှိတဦးကတော့ အစိုးရသတင်းဌာနတွေထက် ပြည်ပအခြေစိုက် သတင်းဌာနတွေကိုပဲ ပိုကြည့်ဖြစ်တယ်လို့ပြောပါတယ်။

“ပြည်ပသတင်းဌာနတွေနဲ့ ကျန်ဌာနတွေအကုန်လုံးက အချိန်နဲ့ တပြေးညီပြောနေတာ ကျနော်တို့ အဲ့ဒီကနေ ကြားနေရပြီပဲ။ မီးက ၆ နာရီလာပြီး ၁၂ နာရီ ပျက်တာကိုး။ အဓိက အားကိုးတာ ရေဒီယိုပဲ။ ပြည်ပသတင်းဌာနတွေက လွှင့် နေတာတွေ မနက်ရော ညရော ဒါပဲနားထောင်နေတော့ အချိန်နဲ့တပြေးညီ ကျနော်တို့သိရတယ်။ အများအားဖြင့် ကျနော့်လိုလူမျိုးများတယ်။”

ဒီအခမ်း အနားမှာ ဗိုလ်မှူးချုပ်ကျော်ဆန်းဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် ၇ ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းနဲ့ ပြန်ကြားရေးဝန်ထမ်းတွေ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ဖို့လည်း ပြောဆိုသွားပါတယ်။ ဒီအပေါ်ကို မြန်မာ့သတင်းသမဂ္ဂရဲ့ ဒုဥက္ကဋ္ဌ ဦးဇင်လင်းက သူ့အမြင်ကို ပြောပါတယ်။

“ပြန်ကြားရေးဝန်ကြီး ဗိုလ်ကျော်ဆန်းက သတင်းနဲ့စာနယ်ဇင်း ဝန်ထမ်းတွေကို လမ်းပြမြေပုံ နောက်ဆုံးအဆင့်ဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲ အောင်မြင်ဖို့ဝန်ထမ်းများက ဆောင်ရွက်ပါလို့ ပြောတာဟာ အမိန့်ပေးတာဖြစ်တယ်။ စာနယ်ဇင်းကို လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးတာမဟုတ်ဘူး။ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်မရှိတဲ့အတွက် ပြည်သူလူထုက စာနယ်ဇင်းကို သတ်မှတ်မှာမဟုတ်ဘူး။“

“မြန်မာ့အလင်း၊ ကြေးမုံတို့ကို ပြည်သူလူထုက ဘယ်လိုခေါ်နေသလဲဆိုတာကို ဗိုလ်ကျော်ဆန်း ပြည်သူထဲ ဆင်းကြည့်ဖို့ ကောင်းတယ်။ ပြည်သူလူထုက ကုန်ထုပ်စက္ကူလို့ပဲ ခေါ်တယ်။ သတင်းစာလို့ မခေါ်ဘူး။ တီဗွီပြတဲ့အချိန်မှာလည်း သတင်းလာရင် ထပိတ်လိုက်ကြတယ်။ ကိုးရီးယားဇာတ်လမ်းတွဲလောက်ပဲကြည့်တယ်။ ဝါဒဖြန့်ချိနေတာကို ပြည်သူလူထုက မကြည့်ဘူး။ အခုလို သတင်းစာကို ပြည်တွင်းမှာမက နိုင်ငံတကာပါ ထိုးဖောက်နိုင်အောင်ပြောတာက ၂အင်မတန်လှပတဲ့ ပြက်လုံးတခုပဲလို့ ပြောရမှာပဲ။”

# အာဆီယံဆွေးနွေးပွဲမှာ မြန်မာ့အရေး ဟီလာရီကလင်တန်ပြောဆိုမည်

**Irrawaddy | ဂျူလိုင် ၁၆ ။** ။ မနက်ဖြန်စတင်မည့် အာဆီယံဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် တက်ရောက်မည်ဖြစ်ပြီး မြန်မာပြည်အရေးသည် အရေးတကြီးဆွေးနွေးရမည့် အကြောင်းအရာတခု ဖြစ်လာမည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနအရာရှိကြီးတဦးက ပြောပါတယ်။

"သူဘာတွေပြောမယ် ဆိုတာကိုတော့ အတိအကျကျနော်ခန့်မှန်းလို့မရဘူး။ သေချာတာကတော့ မြန်မာ့အရေးနဲ့ပတ်သက်ပြီး သူပြောမယ်၊ ကျနော်တို့ စိုးရိမ်နေတာတွေကိုလည်း သူ ရှင်းရှင်းလင်းလင်း ပြောပါလိမ့်မယ်။" လို့ အဆိုပါအရာရှိကရှင်းပြပါတယ်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအများအပြားနှင့် တွေ့ဆုံမည်ဖြစ်သော်လည်း စစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံရန် စီစဉ်ထားခြင်းမရှိကြောင်း အရာရှိကဆိုပါတယ်။

"ဖြစ်နိုင်တာကတော့ နိုင်ငံခြားရေးဝန်ကြီးတွေပါတဲ့ ဆွေးနွေးပွဲမှာတော့ တွေ့လိမ့်မယ်။ ဒါပေမယ့် နှစ်ဘက်သီးသန့်တွေ့ဆုံဖို့ စီစဉ်ထားတာတော့မရှိပါဘူး။" လို့ ထိုအရာရှိကပြောပါတယ်။ ၄၂ ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ၁၆ ကြိမ်မြောက် အာဆီယံဒေသတွင်း ဆွေးနွေးပွဲတို့ကို ဂျူလိုင် ၁၇ ရက်နေ့မှ ဂျူလိုင် ၂၄ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဖူးကက်မြို့တွင် ကျင်းပမည်ဖြစ်ပါတယ်။

အမေရိကန်အစိုးရက မြန်မာပြည်ဆိုင်ရာမူဝါဒကို ပြန်လည်သုံးသပ်လျက်ရှိရာ ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုမှုပေါ်ပေါက်လာသဖြင့် မူဝါဒသုံးသပ်ရေး လုပ်ငန်းစဉ်များကို အရှိန်လျှော့ချထားတယ်လို့ နိုင်ငံခြားရေးဌာနအရာရှိက ပြောပါတယ်။

"မူဝါဒပြန်သုံးသပ်မယ်လို့ ဖေဖော်ဝါရီလမှာ ကြေညာလိုက်ကတည်းက ပြန်လည်သုံးသပ်တာတွေ လုပ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲပြီးနောက်ပိုင်းမှာ ပြန်သုံးသပ်နေတဲ့လုပ်ငန်းတွေ အရှိန်ကျသွားတယ်။ မူဝါဒပြန်သုံးသပ်တဲ့နေရာမှာ ဒီ တရားစွဲဆိုမှုကလည်း သေချာပေါက်ထည့်ပြီးစဉ်းစားရမှာဖြစ်ပါတယ်။" လို့ အမေရိကန်ပြည်ထောင်စု အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအရာရှိ မစ္စတာစကော့မာရှယ်က ပြောပါတယ်။

စကော့မာရှယ်က ထိုင်းနိုင်ငံသို့မထွက်ခွာမီ သတင်းထောက်များနဲ့တွေ့ဆုံရာမှာ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာပြည်ဆိုင်ရာ မူဝါဒနဲ့ပတ်သက်တဲ့ အခြေခံရည်မှန်းချက်များ၊ သဘောထားများမှာ ယခင်အတိုင်းဘဲရှိနေဆဲဖြစ်တယ်လို့ဆိုပါတယ်။ "မူဝါဒပြန်သုံးသပ်တာတွေ အဆုံးမသတ်သေးဘူးဆိုတာက ကျနော်တို့မှာ သံတမန်ရေးဆိုင်ရာနည်းနာတွေ၊ မူဝါဒတွေမရှိတော့ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ အခြေခံမူဝါဒတွေက အရင်အတိုင်းပါဘဲ။ မြန်မာပြည်မှာ အပြောင်းအလဲတွေဖြစ်ဖို့ တွန်းအားပေးဖို့အတွက် လုပ်နိုင်တာတွေကို လုပ်သွားမှာပါ။" လို့ စကော့မာရှယ်ကပြောပါတယ်။

"အပြောင်းအလဲတွေဆိုတာ အာဏာပိုင်တွေ၊ အတိုက်အခံနဲ့တိုင်းရင်းသား လူနည်းစုတွေအကြား တွေ့ဆုံဆွေးနွေးကြဖို့ အကျဉ်းသားတွေလွှတ်လာဖို့ ပြီးတော့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် ပေါ်လာဖို့ကိုဆိုလိုတာပါ။ နိုင်ငံတကာကို ပွင့်ပွင့်လင်းလင်းဆက်ဆံဖို့လည်း ကျနော်တို့မျှော်လင့်ပါတယ်။" လို့ သူကပြောပါတယ်။ "ဒီလိုရည်မှန်းချက်တွေဖြစ်ထွန်းဖို့ ကျနော်တို့ဘာလုပ်ပေးနိုင်မလဲဆိုတာအတွက် မူဝါဒပြန်သုံးသပ်နေတာပါ။ အခြေခံသဘောတရားတွေက မပြောင်းသေးပါဘူး။ ပြန်သုံးသပ်တယ်ဆိုတာ အသေးစိတ်အချက်တွေ ဒါမှမဟုတ် ကျနော်တို့ဘယ်လိုထိထိရောက်ရောက် လုပ်နိုင်မလဲဆိုတာကို ဆန်းစစ်တာပါဘဲ။ မူဝါဒပြန်သုံးသပ်တာတွေ အဆုံးမသတ်သေးဘူးဆိုတာက ကျနော်တို့မှာ ဘာမှမရှိဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။" လို့ စကော့မာရှယ်က ပြောပါတယ်။

အရှေ့တောင်အာရှနိုင်ငံများအသင်းမှ အသင်းဝင်နိုင်ငံများအပါအဝင် အသင်းရဲ့ဆွေးနွေးဘက်နိုင်ငံများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတေးလျ၊ နယူးဇီလန်နဲ့ အမေရိကန်ပြည်ထောင်စုတို့က အစည်းအဝေးတက်ရောက်မယ်လို့ အတည်ပြုထားကြပါတယ်။ နိုင်ငံပေါင်း ၂၆ နိုင်ငံနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း ၁,၂၀၀ ထက်မနည်း အစည်းအဝေးတက်ရောက်မှာဖြစ်ပါတယ်။ အစည်းအဝေးတွင် အာဆီယံဒေသနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲပေါင်း ၃၂ ခုပါဝင်မှာဖြစ်ပါတယ်။

---

# အကျဉ်းသားများ လွှတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဆို

**NEJ | ဂျူလိုင် ၁၄ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ တောင်းဆိုချက်အရ နအဖစစ်အုပ်စုက အကျဉ်းသားများကို လူသားချင်းစာနာထောက်ထားမှုအခြေခံကာ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်နိုင်ရန်အတွက် လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် စီစဉ်နေကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းဆွေက ပြောကြားလိုက်ပါတယ်။

မစ္စတာဘန်ကီမွန်းက လုံခြုံရေးကောင်စီကို မြန်မာနိုင်ငံခရီးစဉ်နဲ့ပတ်သက်ပြီး ယမန်နေ့က အစီရင်ခံတင်ပြရာတွင် မြန်မာသံအမတ်ကြီးဦးသန်းဆွေက အခုလိုပြောကြားလိုက်တာဖြစ်ပါတယ်။ သို့သော် ဦးသန်းဆွေက အကျဉ်းသားမည်မျှကို မည်သည့်အချိန်တွင် လွှတ်ပေးမယ်ဆိုတာကို ထုတ်ဖော်ပြောကြားခြင်းမရှိသလို ဒေါ်အောင်ဆန်းစုကြည်ပါဝင်မယ် မပါဝင်ဘူးဆိုတာကိုလည်း ပြောဆိုတာမရှိခဲ့ဘူးလို့သိရပါတယ်။

မြန်မာသံအမတ်ဦးသန်းဆွေရဲ့ ပြောကြားချက်နဲ့ပတ်သက်ပြီး မစ္စတာဘန်ကီမွန်းက "ဒါဟာ အားတက်စရာဖြစ်ပေမယ့် မြန်မာနိုင်ငံခရီးစဉ်အတွင်း ကျနော်တင်ပြခဲ့တဲ့ကိစ္စကို သူတို့ ဘယ်လိုအကောင်အထည်ဖော်မလည်းဆိုတာကို ဆက်လက်စောင့်ကြည့်ရပါမယ်။ ဒီ လွှတ်ငြိမ်းချမ်းသာခွင့်မှာ ဘယ်သူပါမယ်ဆိုတာ ကျနော်သေသေချာချာမသိပါဘူး။" လို့ သတင်းထောက်တွေကို ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။

---

# ဆိပ်ကမ်းတွင် ပေါက်ကွဲမှုဖြစ်ပွား

**DVB | ဂျူလိုင် ၁၄ ။** ။ ရန်ကုန်တိုင်း အလုံမြို့နယ် အေးရှားဝေါ ဆိပ်ကမ်းမှာ ဒီနေ့ နေ့လည် ၂ နာရီခွဲခန့်က ပေါက်ကွဲမှုတခုဖြစ်ပွားခဲ့ပြီး အလုပ်သမားတဦးရဲ့မျက်နှာမှာ ဒဏ်ရာရရှိခဲ့ပါတယ်။

အေးရှားဝေါဆိပ်ကမ်းက အလုပ်သမားတွေ ပြောပြချက်အရ ပြည်ပကတင်သွင်းလာတဲ့ ကော်စေ့တွေထည့်ထားတဲ့ သေတ္တာထဲက ပေါက်ကွဲခဲ့တာဖြစ်ပြီး သူတို့ရဲ့ အတွေ့ကြုံအရ အရင်တုန်းက ပေါက်ကွဲမှုတခါမှမဖြစ်ဖူးဘူးလို့ ပြောပါတယ်။ ပေါက်ကွဲမှုဖြစ်ဖြစ်ချင်း ဆိပ်ကမ်းက ကုမ္ပဏီဝန်ထမ်းတွေနဲ့ အလုပ်သမားတွေအပါအဝင် ယာဉ်မောင်းတွေကအစ ဝင်ထွက်ခွင့် လုံးဝမပေးတော့ဘူးလို့ဆိုပါတယ်။ ပေါက်ကွဲမှုဖြစ်ပြီးနောက် လုံထိန်းကားတစီး ရောက်လာတယ်လို့လည်း မျက်မြင်တွေ့ရှိသူ တဦးက ပြောပါတယ်။ ပေါက်ကွဲမှု အခြေအနေနဲ့ ပတ်သက်ပြီး အေးရှားဝေါဆိပ်ကမ်းတာဝန်ကျအရာရှိတဦးက အခုလိုပြောပြပါတယ်။

"ကျနော်တို့နဲ့ နည်းနည်းလှမ်းတယ်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားတာမျိုးတော့ရှိတယ်။ ကျန်တာတော့ ကျနော်မသိဘူး"။

အလုံမြို့နယ် ရဲစခန်းမြို့နယ်မှူးရုံးကို ဆက်သွယ်မေးမြန်းရာမှာလည်း တာဝန်ရှိလူကြီးတွေသွားရောက် စစ်ဆေးနေပြီး အခုအချိန်အထိ ပြန်မလာကြသေးလို့ အသေးစိတ် ဘာမှမသိရသေးဘူးလို့ဆိုပါတယ်။ ရန်ကုန်ဆေးရုံကြီးကို ဆက်သွယ်မေးမြန်းရာမှာ မျက်နှာမှာ ဒဏ်ရာရထားတဲ့ အေးရှားဝေါဆိပ်ကမ်းက အလုပ်သမားတဦး နေ့လည်က ရောက်လာပြီး ခွဲစိတ်ဆောင်မှာ တင်ထားတယ်လို့ပြောပါတယ်။ လူနာက ကိုမင်းစိုး၊ အသက် ၂၆ နှစ်ဖြစ်ပြီး သူ့ကို လောလောဆယ် ခွဲခန်းဝင်ဖို့လုပ်နေကြောင်း ခွဲစိတ်ဆောင်တာဝန်ကျ ဆရာဝန်တဦးကပြောပါတယ်။

# ဘန်ကီမွန်းခရီးစဉ်နှင့် ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အစီရင်ခံရန်ရှိ

**DVB၊ ဂျူလိုင် ၁၂။** ။ ကုလသမဂ္ဂက လာတဲ့သတင်းတပုဒ်ရ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ သူ့ရဲ့ ၂ ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်အကြောင်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ အစီရင်ခံဖို့ရှိနေတယ်လို့ သိရပါတယ်။

မနက်ဖြန် တနင်္လာနေ့ မြန်မာစံတော်ချိန် ညသန်းခေါင်လောက်မှာ သူ့ရဲ့ မြန်မာနိုင်ငံခရီးစဉ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို လုံခြုံရေးကောင်စီကို တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို သူအဆိုပြုခဲ့တဲ့အချက်တွေကို ထည့်သွင်းပြောဆိုနိုင်ဖွယ်ရာ ရှိပါတယ်။ အဲဒီအဆိုပြုချက်တွေထဲမှာ ၂၀၁၀ ရွေးကောက်ပွဲကို အားလုံးပါဝင်နိုင်ခွင့်ပေးပြီး အများယုံကြည်လက်ခံနိုင်လောက်အောင်ပြုလုပ်ဖို့၊ ရွေးကောက်ပွဲမတိုင်ခင်မှာ နိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်ပေးဖို့၊ မြန်မာနိုင်ငံရဲ့ လက်ရှိစီးပွားရေးပြဿနာတွေကို နိုင်ငံတကာနဲ့ပူးပေါင်းဖြေရှင်းဖို့နဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီတွေ ပေးနိုင်ဖို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းပေါင်းစုံနဲ့ပူးပေါင်းဆောင်ရွက်ဖို့စတဲ့အချက် ပါဝင်ပါတယ်။

မြန်မာအရေးဟာ ကုလမဂ္ဂ လုံခြုံရေးကောင်စီရဲ့ဆွေးနွေးရမယ့် ပြဿနာတွေထဲမှာ ဆက်လက်ပါဝင်နေဆဲဖြစ်ပြီး ဘန်ကီမွန်းခရီးစဉ် အောင်မြင်မှုမရခဲ့တဲ့နောက်ပိုင်း စစ်အုပ်စုအပေါ်မှာ ပိုမိုပြင်းထန်တဲ့ အရေးယူဆောင်ရွက်ချက်တွေ ထွက်ပေါ်လာနိုင်စရာတွေလည်း ရှိနေပါတယ်။ အခုလို ကုလမဂ္ဂအထွေထွေအတွင်းမှူးချုပ်က မြန်မာပြည်ခရီးစဉ်နဲ့ပတ်သက်ပြီး လုံခြုံရေးကောင်စီမှာ တင်ပြဆွေးနွေးဖို့ရှိနေတာနဲ့ပတ်သက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အဝေးရောက်ညွန့်ပေါင်းအစိုးရ ကုလမဂ္ဂဆိုင်ရာကိုယ်စားလှယ်ဦးသောင်းထွန်းက ပြောပါတယ်။

"တနင်္လာနေ့မှာ ဗမာပြည်ခရီးစဉ်နဲ့ပတ်သက်လို့လေ သူတင်ပြခဲ့တဲ့ ဆွေးနွေးချက်တွေ၊ နအဖဘက်က ဘယ်လိုတုံ့ပြန်တယ်ဆိုတဲ့အပိုင်းတွေ၊ အတိုက်အခံတွေဘက်က နိုင်ငံရေးပါတီခေါင်းဆောင်တွေထဲက ဘယ်သူတွေနဲ့တွေ့ခဲ့တယ်ဆိုတဲ့ဟာတွေ၊ နာဂစ်နဲ့ပတ်သက်လို့ပေ့ါနော် သူသွားကြည့်ခဲ့တဲ့ဟာတွေပဲ ဖြစ်မှာပါ။ အသေးစိတ်ကတော့ အဲဒီကျတော့မှသိရမယ်။ အခု အစည်းအဝေးက တခါးပိတ် အစည်းအဝေးမဟုတ်ဘူး။ ဘယ်သူမဆို တက်ပြီးတော့ နားထောင်နိုင်တယ်၊ ကျနော်တို့လည်း တနင်္လာနေ့ကျမှ သွားနားထောင်ပြီးတော့ အသေးစိပ်ဘာတွေပြောတယ်ဆိုတာ အဲဒီတော့မှသိရမှာပေ့ါ။"

ကုလမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့လာမယ့်ဩဂုတ်လ ဗြိတိန်နိုင်ငံ အလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ချိန်မှာ မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်မှုတွေ ရှိလာနိုင်မယ်လို့လည်း သူက ပြောပါတယ်။

"လုံခြုံရေးကောင်စီဘက်က အရေးယူဆောင်ရွက်ရမယ့် ကိစ္စတွေကတော့ ဗြိတိန်နိုင်ငံက အလှည့်ကျဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ရမှာက ဩဂုတ်လထဲမှာ ဖြစ်ဖို့များတယ်။ ဒီ အရေးယူဆောင်ရွက်မှုနဲ့ ပတ်သက်လို့ ၁ အချက်က ဒေါ်အောင်ဆန်းစုကြည်ကိစ္စကို ဘယ်လို ကိုင်တွယ်သလဲဆိုတဲ့ အပိုင်းကို သူတို့စောင့်ကြည့်နေတယ်။ နံပါတ် ၂ က ဒီလို အရေးယူဆောင်ရွက်မှုမျိုးအတွက် ညှိနှိုင်းဆွေးနွေးမှုတွေလုပ်ဖို့ အချိန်ကာလ တစုံတရာလိုမယ်။"

ဒီလိုအရေးယူဆောင်ရွက်မှုတွေရှိလာနိုင်ပေမယ့်လည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာဟာ မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် အရန်အဆင့်ပဲ ရှိမယ်လို့လည်း ဦးသောင်းထွန်းက ပြောပါတယ်။

"အပြောင်းအလဲဖြစ်ဖို့ ဆိုတာက ကုလသမဂ္ဂမှာပဲဖြစ်စေ၊ နိုင်ငံတကာမှာပဲဖြစ်စေ၊ ကျနော်တို့လုပ်ရှားတဲ့ နည်းနာတွေနဲ့ နောက် တခြားဒီလုထုတွေကနေ ကိုယ့်အခွင့်အရေးကိုပိုပြီးတော့ ကာကွယ်တာ၊ ကိုယ့်အခွင့်အရေးကို တိုက်ပွဲဝင်တာရနိုင်တဲ့ နိုင်ငံရေးအနေအထားတွေမှာ ရနိုင်သလောက် ကိုယ့်အခွင့်အရေးဘောင်တွေကို တိုးချဲ့တာ၊ ကျနော်တို့ လူထုလူ့အဖွဲ့အစည်းတွေကို ပိုမိုတောင့်တင်းခိုင်မာလာအောင်လုပ်တာ။ အပြောင်းအလဲက ကိုယ့်လူ့အဖွဲ့အစည်းထဲမှာပဲ ကိုယ်ဖန်တီးလို့ရပါတယ်။ အပြင်ကကူညီထောက်ပံ့မှုဆိုတာက အရန်သဘောမျိုးဖြစ်တယ်ဆိုတာကိုတော့ ကျနော်တို့အားလုံး ရှင်းရှင်းလင်းလင်းမြင်ဖို့လိုတယ်လို့ ထင်ပါတယ်။"

# ကာလဝမ်းရောဂါကြောင့် ဝမ်းပျော့စာ ရောင်းချမှုကို နအဖတားမြစ်

**DVB၊ ဂျူလိုင် ၁၁။** ။ ဇူလိုင်လတုန်းက ဖြစ်ပွားခဲ့တဲ့ တောင်တွင်းကြီးမြို့က ကာလဝမ်းရောဂါ ကူးစက်မှုဟာ ကျဆင်းသွားခြင်းမရှိပဲ ဆက်လက်ဖြစ်ပွားနေတာကြောင့် ဒေသအာဏာပိုင်တွေက ဝမ်းပျော့စာရောင်းချမှုကို တားမြစ်ထားပါတယ်။

မကွေးတိုင်း တောင်တွင်းကြီးမြို့မှာ ကာလဝမ်းရောဂါဟာ ကျဆင်းသွားခြင်းမရှိပဲ ဆက်လက် ဖြစ်ပွားနေတာကြောင့် မုန့်ဟင်းခါး၊ အသုပ်စုံ၊ သရက်သီး အစရှိတဲ့ ဝမ်းပျော့စာ တွေကို မရောင်းကြဖို့ တားမြစ်ထားတယ်လို့ တောင်တွင်းကြီးမြို့စည်ပင်သာယာရေး ဌာနရဲ့ တာဝန်ရှိသူ တွေနဲ့ မြို့ခံတွေက ပြောပါတယ်။ ဒေသအာဏာပိုင်တွေရဲ့ လတ်တလော ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး တောင်တွင်းကြီးမြို့ခံ တဦးက ပြောပါတယ်။

"ဒီနေ့ကစပြီး မုန့်ဟင်းခါး၊ ထမင်းသုပ်၊ အသုပ်စုံ စသဖြင့် အကုန်လုံး ပိတ်လိုက်တယ်။ တချို့ကမသိဘူး။ ရွာကနေ မနက်ကို ဈေးလာရောင်းတဲ့ သရက်သီးတွေဆိုရင် အကုန်လုံး စည်ပင်ရုံးက သိမ်းတယ်၊ ထမင်းသုပ်၊ လက်သုပ်စာ၊ ဝမ်းနူးစာ အကုန်လုံး မရောင်းရဘူး။ ဘယ်နှစ်ရက်ပိတ်ထားတယ် ဆိုတာမပြောဘူး။ အခု တောင်တွင်းကြီး မြို့မဈေးမှာ ဘာဈေးသည်မှ မရှိဘူး။"

မြို့နယ်စည်ပင်သာယာရဲ့ တောင်တွင်းကြီးမြို့ပေါ် ဈေးတွေမှာ ကာလဝမ်းရောဂါ ကူးစက်ခြင်းမရှိရအောင် လက်သုပ်ချဉ်နဲ့ ပုပ်သိုးလွယ် သီးနှံတွေရောင်းချတာကို တားမြစ်ထားပြီး ဘယ်အချိန်ထိတားမြစ်ထားမလဲဆိုတာကို အတိအကျမသိသေးဘူးလို့ တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးဌာနက ဝန်ထမ်းတဦးက ပြောပါတယ်။ "ဒီဝမ်းလျှောနေတဲ့ ကာလအတောအတွင်း ဈေးမှာ လက်လုပ်ချဉ်၊ မုန့်ဟင်းခါးနဲ့ သရက်ချဉ်တို့ ကြေညာထားတယ်။"

တောင်တွင်းကြီးမြို့မှာ ကာလဝမ်းရောဂါဖြစ်ပွားတာနဲ့ပတ်သက်ပြီး မြို့နယ်ကျန်းမာရေးဌာနက အတည်ပြုပြောပေမယ့် အခြားဘာမှမပြောပါဘူး။ ကာလဝမ်းရောဂါစတင်ဖြစ်ပွားပုံကို အဲ့ဒီမြို့ခံကပဲ ပြောပါတယ်။

"ဖြစ်နေတာက ရက် ၂၀ လောက်ရှိပြီ။ တောင်တွင်းကြီး သင်္ချိုင်းကုန်းအမှိုက်ပုံက စတွေ့တယ်လို့ပြောတယ်။ အဲ့ဒီနားက ရပ်ကွက်မှာ ကလေးတွေ ရောဂါစဖြစ်ကြတယ်၊ သေကြတယ်၊ မြို့ထဲမှာ မဖြစ်ဘူး။"

တောင်တွင်းကြီးမြို့ကျန်းမာရေးဌာနကလည်း ကာလဝမ်းရောဂါကာကွယ်ရေးနဲ့ ပညာပေးမှုတွေ လုပ်ဆောင်နေကြောင်း မြို့ခံတွေကပြောပါတယ်၊ လက်သုပ်စုံနဲ့ လမ်းဘေးဈေးသည်တွေ ဈေးရောင်းခွင့်မရတာနဲ့အတူ ကာလဝမ်းရောဂါ ကူးစက်မှုတွေကြောင့် တမြို့လုံး ခြောက်ကပ်နေတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး လောလောဆယ် ဆေးရုံဝန်ထမ်း တော်တော်များများက အိမ်တွေလိုက်ပြီး ဆေးခတ်တယ်။ ယူနီဆက်လာတယ်။ တော်တော်ကြီးကို လုပ်နေတယ်၊ ဝမ်းနူးစာရောင်းတဲ့ ဈေးသည်တွေကို ပိတ်ထားတော့ မြို့ကခြောက်ကပ်နေတယ်။ ၃ ရက်၊ ၅ ရက်လောက် ကြာမယ် ထင်တယ်၊ ရက်အတိအကျတော့ သူတို့က မကြေညာဘူး။"

# ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီက ဘန်ကီမွန်းခရီးစဉ်ကို စိတ်ပျက်

**DVB ၊ ဂျူလိုင် ၁၁ ။** ။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီကို ၂ မိနစ်ပဲ ဆွေးနွေးခွင့်ပေးတဲ့အပြင် အဲဒီ ရွေးကောက်ပွဲအကြောင်းမပြောဘဲ ရွေးကောက်ပွဲအသစ်ဝင်ဖို့ ပြောသွားတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို စိတ်ပျက်မိတယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ CRPP က ဒီနေ့ ပြောဆိုလိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ဒီနေ့ပြုလုပ်တဲ့ CRPP အစည်းဝေးအပြီး အဖွဲ့ရဲ့ အတွင်းရေးမှူး ဦးအေးသာအောင်က ပြောလိုက်တာဖြစ်ပါတယ်။ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းနဲ့ တွေ့ဆုံခွင့်ရခဲ့တဲ့ အဖွဲ့ချုပ်ကိုယ်စားလှယ် ၄ ဦးက သူတို့ရဲ့ အတွေ့အကြုံတွေကို CRPP အဖွဲ့ဝင်တွေထံ ရှင်းလင်းတင်ပြပြီး အဲဒီအပေါ် သုံးသပ်ချက်နဲ့ရှေ့လုပ်ငန်းစဉ်တွေကိစ္စ အချိန်ယူ ဆွေးနွေးခဲ့တယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

"ဘန်ကီမွန်း မလာခင်က နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပြီးပြည့်စုံအောင် မဖြေရှင်းနိုင်သည့်တိုင်အောင် လမ်းစရအောင် တွန်းတွန်းတိုက်တိုက်ဆောင်ရွက်လိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် ဘန်ကီမွန်းလာပြီး ပြန်သွားတဲ့အခါ ပြည်သူတွေ မျှော်လင့်သလို တခုမှမဖြစ်လာတာ တွေ့ရတဲ့အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးတယောက်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဇောင်းပေးပြောသွားတာ စိတ်ပျက်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တွေ့ဆုံချိန် ၂ မိနစ်ပဲ ပေးလိုက်တာဟာ အန်အယ်လ်ဒီကိုသာ မဟုတ်ဘဲ ၁၉၉၀ ရွေးကောက်ပွဲမှာ တခဲနက် မဲဆန္ဒပေးလိုက်တဲ့ ပြည်သူတွေကိုပါ မထီမဲ့မြင်ပြုလိုက်တဲ့ သဘောလို့ခံစားရပါတယ်။"

CRPP အနေနဲ့ လက်ရှိအခြေနေကနေ လွှတ်မြောက်အောင် ဘာဆက်လုပ်မလဲ၊ ဘာတွေလုပ်ဖို့အစီစဉ်ရှိပါသလဲဆိုတာနဲ့ ပတ်သက်ပြီး ဦးအေးသာအောင်က အခုလို ပြောပါတယ်။

"ကုလသမဂ္ဂနဲ့လုံခြုံရေးကောင်စီက ဖြစ်ပေါ်လာတဲ့ ရလဒ်တွေဟာ မြန်မာနိုင်ငံအတွက် ပြောင်းလဲစေမယ့် အဓိကပင်မ မောင်းနှင်အားမဟုတ်ဘူး။ အဓိကပင်မ မောင်းနှင်အားသည် နိုင်ငံရေးပါတီများနှင့် ပြည်သူတွေရဲ့ကြိုးပမ်းမှုသာဖြစ်တယ်။ ဒါကြောင့် ပြည်တွင်းက နိုင်ငံရေးပါတီတွေနဲ့ ပြည်သူတွေက ဆက်လက်ပြီး အပြောင်းအလဲတခုအထိ ကြိုးပမ်းသွားဖို့လိုတယ်၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ တွန်းအားတွေနဲ့ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ပေါင်းစပ်ပြီး ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် အဓိကကျတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ဖို့အတွက် ကြိုးပမ်းသွားဖို့ ရှိပါတယ်။" ဒီနေ့အစည်းအဝေးကို တက်ရောက်ခဲ့သူတွေကတော့ အတွင်းရေးမှူး ဦးအေးသာအောင်၊ အဖွဲ့ဝင် ပုကျင်ရှင်းထန်၊ နိုင်ထွန်းသိန်းနဲ့ ဦးစိုးဝင်း အင်အယ်ဒီပါတီမှ ဦးသန်းထွန်း၊ ဦးညွန့်ဝေ၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးဝင်းတင်နဲ့ ဦးခင်မောင်ဆွေတို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌဦးအောင်ရွှေ၊ အဖွဲ့ဝင် ဦးလွင်နဲ့ ဦးလွန်းတင်တို့က ကျန်းမာရေးမကောင်းလို့ အစည်းအဝေးမတက်နိုင်ပါဘူး။ တခြားအဖွဲ့ဝင်တွေဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးနဲ့ ဦးကျော်မင်းတို့က အခုအချိန်အထိ ဖမ်းဆီးခံနေရဆဲဖြစ်ပါတယ်။ CRPP ကို ၁၉၉၈ စက်တင်ဘာလမှာ စတင်ဖွဲ့စည်းခဲ့ပြီး အဓိကရည်ရွယ်ချက်ကတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်အတိုင်း လွှတ်တော်ခေါ်နိုင်ဖို့ ဖြစ်ကြောင်းသိရပါတယ်။

# မိုးသည်းထန်စွာရွာလို့ ရေကြီးတဲ့ ဖားကန့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ

**DVB ၊ ဂျူလိုင် ၁၅ ။** ။ ဒီလဆန်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့လို့ ကချင်ပြည်နယ် ဖားကန့်မြို့ မော်ဝန်းရပ်ကွက်မှာရေကြီးပြီး မြေပြိုမှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီ ရေကြီး မြေပြိုမှုကြောင့် လူ ၂၄ ဦး သေဆုံးခဲ့တယ်လို့ စစ်အုပ်စုသတင်းစာမှာ ဖော်ပြခဲ့ပေမယ့် ဒေသခံတွေကတော့ လူ ၁၀၀ ကျော်လောက် သေဆုံးမှုရှိတယ်လို့ဆိုပါတယ်။

ဒီနေ့ထုတ် နအဖသတင်းစာမှာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာနဲ့ လူမှုရေးအသင်းအဖွဲ့တွေက ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ လိုအပ်တဲ့ကူညီမှုတွေ ပြုလုပ်ပေးနေပြီး ကယ်ဆယ်ရေးစခန်း ၅ ခု ဖွင့်လှစ်ထားတယ်လို့ဆိုပါတယ်၊ ရေဘေးဒုက္ခသည် ၁,၃၀၀ ခန့်ရှိပြီး တော်တော်များများက ဘုန်းကြီးကျောင်းတွေမှာရှိနေကာ ကယ်ဆယ်ရေးစခန်းတွေကိုတော့ မတွေ့သေးဘူးလို့ ဖားကန့်ဒေသခံတဦးက ပြောပါတယ်။

"ကျမတို့အိမ်ရှေ့က ဘုန်းကြီးကျောင်းမှာ အိုးမဲ့အိမ်မဲ့ အယောက် ၃ ရာကျော်လို့ပြောတယ်။ မြို့ဦးစေတီကျောင်းမှာလည်း ၂ ရာကျော်လို့ ပြောတယ်။ သူတို့ကို ဘုန်းကြီးတွေက ကျွေးတာပေ့ါ၊ ဘုန်းကြီးကနေ သူတို့ကို ဆန်တယောက် ၂ ပြည် ကိုယ့်ဟာကိုယ် ချက်စားဖို့ ပေးတယ်လို့ ကြားတယ်။"

လက်ရှိမှာ ရေဘေးဒုက္ခသည်တွေဟာ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေနဲ့ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွေမှာ နေကြရတယ်လို့လည်း နောက်ထပ် ဒေသခံတဦးက ပြောပါတယ်။

"ပျူပာမှူး စစ်တပ်တွေကလည်း လာကျွေးပါတယ်။ ထမင်းထုပ်တွေ၊ မာမီးခေါက်ဆွဲ၊ မီကိုခေါက်ဆွဲတို့ပေ့ါ။ အခုတော့ စောင်တွေ ဘာတွေပေးတယ်တဲ့။" ရေလွှမ်းမိုးမှု နောက်ဆက်တွဲ ကျန်းမာရေးအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့လည်း အဲဒီ ဒေသခံကပဲ ပြောပါတယ်။

"ဆေးခန်းဖွင့်ပြီး သူတို့ ပြုစုပေးတယ်။ ဆေးတွေ ဘာတွေထိုးပေးတယ်။ ဒဏ်ရာရသူတွေကို အကုန်လုပ်ပေးတယ်။ ဝမ်းရောဂါတော့ မရှိသေးဘူး။ မိခင်နဲ့ကလေးကို နေပြီးမှ ဝမ်းလျှောရောဂါလည်းကာကွယ် တခါတည်း ရေဖူးလည်း သောက်ရေသန့်တွေပဲ ချထားပေးတာကြီးကို တွင်းရေဆိုရင်လည်း ဆေးဖြန်းပေးထားတယ်လေ။" ကုတင် ၂၅ လုံးဆန့် မြို့နယ်ဆေးရုံကလည်း တချို့နေရာတွေမှာ ရေမြုပ်နေဆဲဖြစ်ပြီး ဒဏ်ရာရတဲ့လူတွေဟာ ဆေးရုံမဆန့်တဲ့အခြေအနေအထိ ဖြစ်နေတယ်လို့ အဲဒီဒေသခံက ပြောပါတယ်၊ လောလောဆယ် ရေကျသွားပေမယ့် လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းသေးဘူးလို့လည်း ဆိုပါတယ်။ ဒီရေဘေးဒုက္ခသည်တွေကို ဘယ်လိုအကူညီတွေ ပေးနေတယ်ဆိုတာနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂလူသားချင်းဆိုင်ရာ အကူအညီပေးရေးရုံးရဲ့ လက်ထောက်တာဝန်ခံ အန်တိုနီယိုမာဆယ်လာက...

"အခုလောလောဆယ်မှာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ဒဗလျူအက်ဖ်ပီ၊ ယူနီဆက်နဲ့ ယူအန်ဒီပီစတဲ့ အဖွဲ့အစည်းတွေက အကူအညီပေးနေတဲ့ အစီအစဉ်တွေ ရှိနေပါတယ်။ ယူနီဆက်နဲ့ ဒဗလျူအက်ဖ်ပီက ဘေးအန္တရာယ်ခံရတဲ့ ဒေသအတွင်းမှာလုပ်ဆောင်နေတဲ့ အကူအညီပေးရေးအစီအစဉ်တွေကို ထပ်မံတိုးချဲ့နေပါတယ်။ ဒဗလျူအက်ဖ်ပီက ၁ လအတွက် အစားအစာ ၁၆ တန်ခန့် ထောက်ပံ့သွားဖို့ရှိပြီး ယူနီဆက်က အစိုးရကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့ဆေးဝါးကုသမှုတွေ လုပ်ပေးသွားမှာပါ" လို့ပြောပါတယ်။ ဒီကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ဒေသခံအာဏာပိုင်တွေဘက်က ဘယ်လို ကူညီပူပေါင်းပါဝင်မှုတွေရှိသလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း အခုလိုပြောပါတယ်။

"ယူအန်နဲ့ နိုင်ငံတကာ အင်ဂျီအိုတွေကထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေမှာ လူမှုအထောက်အကူပြုအဖွဲ့တွေက အာဏာပိုင်ဘက်က တော်တော်များများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရတယ်လို့ဆိုပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ ကာလအတော်ကြာ ကတည်းက ကူညီမှုလုပ်ငန်းတွေ လုပ်ဆောင်လာခဲ့တာကြောင့် နအဖအာဏာပိုင်တွေနဲ့ ခင်မင်ရင်းနှီးမှု ရှိနေကြတာဖြစ်ပါတယ်။ အခုလက်ရှိ အကူအညီပေးရေးအတွက် တော်တော့်ကို အရေးပါတဲ့ အခြေခံအချက်တခုပါပဲ၊ ကျနော်တို့သိရသလောက် ဒုက္ခသည်တွေရဲ့အခြေအနေက ကောင်းပါတယ်၊ လတ်တလော သူတို့ကို ဘုန်းကြီးကျောင်းတွေမှာ ယာယီနေရာချထားပေးတာ တပတ်လောက်ရှိသွားပါပြီ၊ သူတို့ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့လည်း ဒီရောဂါတခုခု ပျံ့နှံ့တယ်ဆိုတာမျိုးကို မကြားရသေးပါဘူး"။

# ပင်လယ်ကွေ့ဒေသနှင့် မြန်မာ့အရေး ကမ္ဘာ့အရေး

ခင်မမမျိုး

**ယခင်ပတ်မှအဆက်**

စစ်ရေးပထဝီဝင်အနေနဲ့ ကြည့်မယ်ဆိုရင်တော့ အီရတ်နဲ့အာဖရိကန်မှာ အမေရိကန်နဲ့ နိုင်ငံတကာတပ်တွေ တပ်စွဲထားမှုဟာ တဘက်ကနေ အီရန်ကိုဝန်းရံထားသလိုလည်း ဖြစ်နေပါတယ်။

နောက်တချက်က ဒေသတွင်းမှာလည်း တခုတည်းဖြစ်နေတဲ့ Shia'a state ပါ။ ဒီဒေသရဲ့ အုပ်ချုပ်ရေးအာဏာကို အများဆုံးရယူထားကြတဲ့ အစိုးရတွေက Sunni monarchies တွေပါ။ ဒေသရဲ့လုံခြုံရေးနဲ့တည်ငြိမ်ရေးမှာ အဓိက လွှမ်းမိုးနေရာယူထားခဲ့တာက အမေရိကန်ပြန်ထောင်စုဖြစ်ပေမယ့် အီရန်ကလည်း သူ့ဟာသူ Natural hegemon လို့မြင်ပါတယ်။ ဒါကြောင့်လည်း ဒေသတွင်းမှာသူ့အင်အားကို ကြီးမားလာအောင် တိုးချဲ့တည်ဆောက်နေတာဖြစ်ပါတယ်။

ဒါပေမယ့် အီရတ်နဲ့ကတော့ ပုံသဏ္ဍာန်ကွာခြားပါတယ်။ ဘာကြောင့်လည်းဆိုတော့ အီရန်ရဲ့မူဝါဒတွေထဲမှာ အိမ်နီးချင်းနိုင်ငံတွေကို ကျူးကျော်သိမ်းပိုက်ဘို့ မပါပါဘူး။ ဆာဒန်ဟူစိန်လက်ထက် အီရတ်နိုင်ငံရဲ့ ဒေသတွင်းပေါ်လစီက territorial status quo ကို ထိန်းထားဘို့ဖြစ်ပါတယ်။ အခု အီရန်ရဲ့ အင်အားကြီးနိုင်ငံတည်ဆောက်ရေးမူဝါဒကတော့ ဒီလိုမဟုတ်ပါဘူး။ အတွေးအခေါ်စစ်ပွဲတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အင်အားကြီးမားနိုင်မှုစွမ်းရည်ကို ကန့်သတ်ရေးဘဲဖြစ်ပါတယ်။

ဒီအခါမှာ ဒေသတွင်းလုံခြုံရေးကို တာဝန်ယူထားပြီး ဒေသတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ဦးစားပေးဆောင်ရွက်နေတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ပဋိပက္ခဖြစ်လာပါတယ်။ ဒါပေမယ့် သူတို့နှစ်နိုင်ငံအကြားမှာ ရည်ရွယ်ချက်တွေကတော့ မတူညီပါဘူး။ အီရန်က ပင်လယ်ကွေ့ဒေသအပေါ် အမေရိကန်ရဲ့လွှမ်းမိုးမှုကို confrontation လုပ်ချင်ပြီး အမေရိကန်ကတော့ containment policy ကိုဘဲ ကျင့်သုံးထားပါတယ်။ ဒါပေမယ့် အီရန်ရဲ့ ဒီမိုကရေစီအရေးလှုပ်ရှားမှုတွေ၊ လူ့အခွင့်အရေးလှုပ်ရှားမှုတွေကိုတော့ ထောက်ခံပါတယ်။

ဒီနေရာမှာ နိုင်ငံတနိုင်ငံရဲ့ ဒီမိုကရေစီလှုပ်ရှားမှုတွေ၊ အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေကို အမေရိကန်အပါအဝင် နိုင်ငံတကာရဲ့ထောက်ခံမှုဆိုတာကို ဘယ်လိုအတိုင်းအတာကို ခေါ်ဆိုတယ်ဆိုတာကို မှန်မှန်ကန်ကန်သိမြင်ဘို့ လိုအပ်ပါတယ်။ တချို့ နိုင်ငံတကာလှုပ်ရှားမှုလုပ်သူတွေက နိုင်ငံတကာထောက်ခံမှုဆိုတာကို နိုင်ငံတကာက သူတို့ဘက်မှာလုံးဝရှိနေပြီ၊ လိုအပ်ရင် ဝင်ကူညီဖြေရှင်းပေးတော့မယ်၊ အာဏာရှင်ကို ဝင်တိုက်ပေးတော့မယ်လို့ ယူဆမျှော်လင့်တတ်ကြပါတယ်။ ဘာနဲ့တူသလဲဆိုတော့ ကလေးဆိုက ကစားစရာပစ္စည်းကို အရူးကဝင်လုသွားတဲ့အခါ ကလေးကလူကြီးတွေကို သူတို့ဘက်ကနေ အရူးကိုဝင်ချပေးဘို့ မျှော်လင့်သလိုပါဘဲ။

ဒါပေမယ့် အရူးကိုသွားချဘို့ဆိုတာကတော့ rational thinking ရှိတဲ့ မိဘလူကြီးတွေအတွက် နည်းနည်းတော့ စဉ်းစားရပါတယ်။ အရူးကိုသွားရိုက်လိုက်လို့ အရူးက ပြန်အန္တရာယ်ပြုနိုင်တဲ့ အတိုင်းအတာလည်း စဉ်းစားရပါသေးတယ်။ အရူးမှာက လက်နက်ရှိနေရင် ပိုးဆိုးပါတယ်။ ကလေးအရုပ်ကို သွားပြန်လုပေးဘို့မှာ အရူးကိုဝိုင်းရိုက်ရင် နိုင်နိုင်ပေမယ့် အရူးပြန်ရိုက်လို့ ကိုယ်နာမှာလည်းရှိနေသေးတော့ ကလေးအရုပ်အတွက် ကိုယ်က အနာခံသင့်သလား၊ မသင့်ဘူးလားဆိုတာကလည်း ရှိပါသေးတယ်။ ကလေးအတွက်တော့ ဒီအရုပ်ကတန်ဘိုးရှိပေမယ့် လူကြီးတွေအတွက်ကတော့ ကလေးထားသလောက် တန်ဘိုးကရှိချင်မှ ရှိမှာပါ။ ဒါက မိသားစုရေးရာအဆင့်ပါ။ နိုင်ငံတကာရေးရာမှာကျတော့ ဒီထက်ပိုအရေးကြီးတဲ့ စဉ်းစားတွေးခေါ်မှုတွေက လိုအပ်လာပါတယ်။

ဒီနေရာမှာ ထောက်ခံမှုဆိုတဲ့စကားအပြင် ဒီနိုင်ငံနှစ်နိုင်ငံကြားက နိုင်ငံခြားရေးမူဝါဒတွေကို ထည့်တွက်မှလည်း မှန်ကန်တဲ့အဖြေကိုရရှိမှာဖြစ်ပါတယ်။ containment policy မူဝါဒအဆင့်မှာဘဲဆိုရင် ဝင်ရောက်ကူညီပေးမှု မပြုလုပ်ပါဘူး။ တောရုံတန်ရုံအကြောင်းပြချက်တွေလောက်နဲ့လည်း confrontation အဆင့်တွေကို အမေရိကန်အပါအဝင် နိုင်ငံကြီးတွေက မတက်လှမ်းပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီလို humanitarian intervention, military intervention တွေပြီးရင် အာဏာရှင်အစိုးရတွေကို ဖြုတ်ချလိုက်ရုံနဲ့ ပြီးတာမဟုတ်ဘဲ state-building ကိုပါ တာဝန်ယူပေးရလို့ဖြစ်ပါတယ်။

ဒီလို တာဝန်ယူပေးရတဲ့အခါမှာ အာဏာရှင်နောက်လိုက်ဟောင်းတွေက ပုန်ကန်ခြားနားမှုတွေကို အစိုးရသစ်ကိုယ်စား ချေမှုန်းပြီး law and order restoration လုပ်ရတာတွေကလည်း ရှိပါတယ်။ ဒီလိုတွေ လုပ်ရတဲ့အခါမှာ နိုင်ငံတကာတပ်တွေအတွက် အထိအခိုက် အကျအဆုံးတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံက ပြည်သူတွေက ကျေနပ်မှုမရှိတဲ့အခါမှာ ဒီမိုကရေစီနိုင်ငံကြီးတွေရဲ့ အစိုးရအဖွဲ့ဝင်တွေ နောင်ရွေးကောက်ပွဲ မဲရနိုင်ခြေကို ထိခိုက်လာပါတယ်။ နောက်ထပ်အရေးကြီးတဲ့ကိစ္စကတော့ ဘဏ္ဍာရေးကိစ္စပါ၊ တခြားနိုင်ငံငယ်အရေးတွေမှာ မဆိုထားနဲ့ ဉရောပထဲမှာဖြစ်နေတဲ့ ဘော့စနီးယားအရေး စတာတွေမှာတောင် post-conflict reconstruction နဲ့ပတ်သက်လို့ နိုင်ငံတကာကအဖွဲ့အစည်းတွေရဲ့ စရိတ်စကတွေက လိုအပ်ချက်တွေတိုင်းကို မပြည့်မီပါဘူး။

ဒါကြောင့် နိုင်ငံကြီးတွေက သူတို့ဝင်ရောက်ကူညီရတာတွေ၊ humanitarian intervention လုပ်ရတာတွေထက်စာရင် သူ့ဘာသာသူ ပြောင်းလဲသွားမှုတွေကိုဘဲ ပိုလိုလားပါတယ်။ ဒီလိုဆိုလို့ ဒီမိုကရေစီအရေးကို မထောက်ခံတာမဟုတ်ပါဘူး။ ဒီမိုကရေစီတက်ကြွလှုပ်ရှားသူတွေကို စိတ်ပိုင်းဆိုင်ရာ ဘဏ္ဍာရေးပိုင်းဆိုင်ရာတွေမှာ အတိုင်းအတာတရပ်အထိ ထောက်ခံအားပေးတာဘဲ ပြုလုပ်ကြပြီး အာဏာရှင်နဲ့လှုပ်ရှားသူတွေအကြားမှာ စေ့စပ်ဆွေးနွေးရေးလမ်းကြောင်းပေါ်တက်နိုင်အောင်ပြုလုပ်တာ၊ အာဏာရှင်အစိုးရတွေကို ဖြုတ်ချပြီး အသစ်ဖွဲ့စည်းလိုက်တဲ့ ကြားဖြတ်အစိုးရကို ထောက်ခံတာ စတာတွေကို ပိုမိုအားပေးကြပါတယ်။

ဒါပေမယ့် ဒီမိုကရေစီလှုပ်ရှားတဲ့နိုင်ငံတွေက နိုင်ငံတကာ campaign ပြုလုပ်သူတွေရော၊ ပြည်တွင်းလှုပ်ရှားမှုပြုလုပ်သူတွေကိုပါ ဒီအချက်တွေကို ထည့်သွင်းစဉ်းစားမှုမလုပ်ကြဘဲ နိုင်ငံတကာထောက်ခံမှုဆိုတာကို ဝင်ရောက်ကူညီပေးမှုလို့ မျှော်လင့်တွက်ချက်ပါတယ်။ လှုပ်ရှားမှုတွေကို ထောက်ခံတယ်ဆိုပြီး ဝင်ရောက်မကူညီပေးတာကို အပြစ်တင်လာကြပြန်ပါတယ်။ စကားနဲ့မပြောဘဲ အလုပ်နဲ့သက်သေပြဘို့ တောင်းဆိုလာကြပြန်ပါတယ်။ ဒါတွေကလည်း ဖြစ်လေ့ဖြစ်ထရှိနေတဲ့ ကိစ္စရပ်တွေပါဘဲ။ တကယ်တန်းကျတော့ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံတယ်ဆိုတာက လိုအပ်ရင် စစ်ရေးအရ အရေးယူပေးပါမယ်လို့ ကတိစကားပြောကြားတာ မဟုတ်လေတော့ ဒါကို မှားယွင်းပြီး အဓိပ္ပါယ်ကောက်မိတဲ့အခါ အခက်အခဲတွေ မဖြစ်သင့်တာတွေ ဖြစ်လာစေပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပင်လယ်ကွေ့စစ်ပွဲအပြီးကာလတုန်းက ဖြစ်ရပ်လေးတခုကိုတင်ပြပါမယ်။ ဒီတုန်းက နိုင်ငံတကာတပ်တွေနဲ့ အီရတ်တပ်တွေနဲ့ အပစ်အခတ်ရပ်စဲဘို့ သဘောတူညီပြီးစကာလမှာပါ။ အမေရိကန်တပ်တွေလည်း အီရတ်မှာ နေရာချထားဆဲပါ။ အီရတ်တပ်တွေရဲ့အခြေအနေက ရှုံးနိမ့်ပြီး အလွန်ကိုဆိုးဆိုးရွားရွား အနေအထားမှာပါ။ တိုင်းပြည်ကလူထုကလည်း ဆာဒန်ဟူစိန်ရဲ့ ကူဝိတ်ကျူးကျော်မှုရလာဒ်အဖြစ် အမေရိကန်ဦးဆောင်တဲ့ နိုင်ငံတကာတပ်တွေနဲ့ စစ်ဖြစ်ရမှု အီရတ်တပ်သား အများအပြား သေဆုံးမှုတွေနဲ့ပတ်သက်ပြီး ဆာဒန်ကိုမလိုလားကြတဲ့ ကာလပါ။

အဲဒီအချိန်မှာဘဲ အာဏာရှင်ကိုတွန်းလှန်နေတဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ မြို့အချို့ကို သိမ်းပိုက်တပ်စွဲခဲ့ကြပါတယ်။ နိုင်ငံတကာကလည်း ဒီလှုပ်ရှားမှုကို ထောက်ခံတယ်လို့ ကြေညာခဲ့ကြတယ်။ ဒီအချိန်မှာဘဲ အပစ်အခတ်ရပ်စဲရေးကိစ္စတွေ၊ ရေနံကိစ္စတွေနဲ့ ဆွေးနွေးနေကြတဲ့ အီရတ်ထိပ်တန်းအရာရှိတွေက အမေရိကန်အပါအဝင် နိုင်ငံတကာနဲ့ အပေးအယူလုပ်ခဲ့ကြပါတယ်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

# ဒီကေဘီအေနှင့် ဟောင်သရောတပ်ဖွဲ့ဝင် ၇၀ ခန့် ကေအန်ယူနှင့် ပူးပေါင်း

**DVB । ဂျူလိုင် ၁၃ ။** ။ တိုးတက်သော DKBA နဲ့ဟောင်သရော အထူးဒေသငြိမ်းချမ်းရေးအဖွဲ့ ကေပီအက်ဖ်က တပ်ဖွဲ့ဝင်ပေါင်း ၇၀ ကရင့် အမျိုးသားအစည်းအရုံး KNU နဲ့ ပြန်လည်ပူးပေါင်းလာတယ်လို့ KNU က သတင်းထုတ်ပြန်ပါတယ်။

ကေအန်ယူ တပ်မဟာ ဖ ထံ ပြန်လည်ပူးပေါင်းလာတဲ့ ဒီကေဘီအေ တပ်ရင်း တွေကတော့ တပ်ရင်း ၉၀၁ နဲ့ တပ်ရင်း ၉၀၆ ဖြစ်ပြီး ကေပီအက်တပ်ဖွဲ့ တပ်ရင်း ၃ က ဖြစ်ပြီး အားလုံးပေါင်း ၇၀ ဦး လာရောက် ပူးပေါင်းတာဖြစ်တယ်လို့ ကေအန်ယူက သတင်းထုတ်ပြန်ထားတာပါ။ ဒီလ ၇ ရက်ကနေ ၁၀ နေ့အထိ လာရောက်ပူးပေါင်းတဲ့ စာရင်းနဲ့ပတ်သက်ပြီး ကေအန်ယူအတွင်းရေးမှူး ၁ ဗိုလ်မှူးစောလှငွေက ပြောပါတယ်။

"၇ ရက်နေ့က ၉၀၁ က စောအေဝမ်းက လူ ၁၂ ယောက်နဲ့ သေနတ် ၁၆ လက်၊ စကားပြောစက် ၂ လုံးပါတယ်၊ ၈ ရက်နေ့မှာ ဒီကေဘီအေ ၉၀၆ က ခေါင်းဆောင်တော့ နာမည်မဖော်ပြထားဘူး။ သေနတ် ၁၁ လက်နဲ့ စကားပြောစက် ၁ လုံးပါတယ်။ ဗိုလ်လေးဝါးနဲ့အဖွဲ့တွေ ရှေ့တန်းကပေးပို့တဲ့ စာရင်းအရဆိုရင် အားလုံးပေါင်း ၂၉ ယောက်လာတယ်။ သေနတ် ၂၁ လက်၊ စကားပြောစက် ၅ လုံးပါလာတယ်။ ၉ ရက်နေ့မှာ စောနော်စီ၊ ဒီကေဘီအေဘယ်အဖွဲ့လဲမသိဘူး။ တယောက်တည်း လာတာ။ ဘာမှမပါလာဘူး။ ၁၀ ရက်နေ့မှာ စောကယ်ပေ့ါ။ ဒီကေဘီအေ ၉၀၁ ကပဲ ထပ်ပြီးလာတာ။ ၅ ယောက်မှာ သေနတ် ဖ လက်နဲ့ စက်က ၂ လုံးပါတယ်။။ ၁၀ ရက်နေ့မှာ ကေပီအက်ဖ် တပ်ရင်း ၃၊ တပ်ခွဲ ၁ က ၁၆ ယောက်လာတယ်။ စုစုပေါင်း သေနတ် ၁၇ လက်နဲ့ စကားပြောစက်က ၅ လုံးပါလာတယ်။"

ဒီကိစ္စနဲ့ ပတ်သက်ပြီး အေပီအက်ဖ်အဖွဲ့ကို ဆက်သွယ်ဖို့ ကြိုးစားပေမယ့် ဆက်သွယ်လို့မရပါဘူး။ ဒါပေမယ့် သူတို့နဲ့ နီးစပ်သူတယောက်ကတော့ ကေပီအက်ဖ်က လူ ၂၀ ခန့်၊ ဒီကေဘီအေက ၇ ယောက်နဲ့ မြန်မာတပ်မတော် တပ်ရင်း ၂၃၁ က ရဲဘော် ၂ ယောက်ဟာ ကေအန်ယူတပ်မဟာ ဖ ဘက်ကို ထွက်ပြေးသွားတယ်လို့ ကြားသိရကြောင်း ပြောပါတယ်။

"ဒီကေဘီအေရုံးကလူ ဖုန်းဆက်မေးတော့ သူတို့လူတွေ ပျောက်သွားတယ်တဲ့။ ဘယ်ဘက်ကိုသွားလဲဆိုတာ တွေ့မိလားတဲ့။ ကျနော်တပ်မဟာ ဖ ကို လှမ်းမေးတော့ သူတို့ဆီရောက်လာပြီလို့ အကြောင်းကြားတာပဲ။"

ဒီကေဘီအေ ဖားအံရုံးကတော့ သူတို့လူတွေ ကေအန်ယူနဲ့ ပူးပေါင်းသွားတာဖြစ်နိုင်ကြောင်းနဲ့ ပူးပေါင်းသွားတဲ့ကိစ္စကို သူတို့အနေနဲ့ ဘာမှ မပြောနိုင်ကြောင်း အတည်ပြုပြောဆိုပါတယ်။

"ကျနော်တို့ ဘာမှ မပြောပါဘူး။ သူတို့က သွားပြီးဆိုတော့ သွားပြီပေ့ါ။ ကျနော်တို့ကတော့ ဘယ်လိုမှမမြင်ပါဘူး။ သူတို့ ဒီမှာ မကောင်းလို့ သွားတာနေမှာပေ့ါ။"

နအဖ စစ်အုပ်စုကနေ သူတို့ကို နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ ဖိအားပေးတဲ့အပေါ် သူတို့အတွက် အကျိုးမရှိလို့ ပူးပေါင်းတာလို့သိရကြောင်း ဗိုလ်မှူးစောလှငွေက ပြောပါတယ်။

"စုံစမ်းရသလောက်က နယ်ခြားစောင့်တပ် ကိစ္စပါပဲ၊ နယ်ခြားစောင့်တပ် ကိစ္စမှာ သူတို့က လခစားပြီး ထားတဲ့နေရာမှာနေ၊ ခိုင်းတာလုပ်ရမယ်ဆိုရင် ၁ အချက်က သူတို့ဟိုတုန်းကလို ကရင်အဖွဲ့ဆိုပြီး အမျိုးသားရေးနဲ့ပတ်သက်တာ ပျောက်သွားတယ်။ ၂ အချက်က သူတို့ လွတ်လပ်စွာ စီးပွားရှာခွင့် ပျောက်သွားတယ်။ ၃ အချက်က ကိုယ့်အဖွဲ့နဲ့ကိုယ်ဆိုတော့ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားလို့ရတာပေ့ါ။"

အခု အဲဒီလို သွားလာလို့မရဘဲနဲ့ နအဖရဲ့ ထိန်းချုပ်မှုအောက်မှာ မနေချင်ကြဘူး။ နယ်မြေတကွက် နှစ်ကွက်ကို ၂၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်း လောက်သွားပြီး အထိုင်ပြထားနိုင်ဖို့ လူ ၃ ရာလောက် သေကြေဒဏ်ရာရတယ်လို့သိရတဲ့အပြင် ကရင်အချင်းချင်း သတ်ဖြတ်မှုတွေဖြစ်သွားတဲ့အပေါ်မှာ လူထုကလည်း သူတို့ကို ဖိအားပေးလာတဲ့သဘောရှိတယ်။ အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေနဲ့ ကိုယ့်အချင်းချင်းပြန်လုပ်တဲ့အပေါ်မှာ၊ လူတွေက ရွတ်ချလာတဲ့အပေါ်မှာ၊ လူတွေက စိတ်ဓါတ်ကျလာ တဲ့အပေါ်မှာ ဒီဘက်ကိုပူးပေါင်းလာတာလို့သိရတယ်။"

ဒီကေဘီအေအနေနဲ့ ကေအန်ယူတပ်မဟာ ဖ နယ်မြေကို ထိုးစစ်ဆင်ဖို့ဖိအားပေးခံရတာ အပါအဝင် နယ်ခြားစောင့်တပ် ပြဿနာတွေကြောင့် KNU နဲ့ပူးပေါင်းသွားတာလို့လည်း ဒီကေဘီအေနဲ့နီးစပ်သူတဦးက ပြောပါတယ်။ ဒီကေဘီအေဟာ ၁၉၉၄ မှာ ဘာသာရေးကြောင့် ကေအန်ယူကနေ ခွဲထွက်ခဲ့တဲ့ အဖွဲ့ဖြစ်ပြီး ဟောင်သရောအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့ဟာ ၁၉၉၇ က KNU ကနေ ခွဲထွက်ပြီး နအဖနဲ့ငြိမ်းချမ်းရေးယူထားတဲ့ ကရင်အဖွဲ့ ဖြစ်ပါတယ်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီ ပြင်ဆင်ဖွဲ့စည်း

**RFA । ဂျူလိုင် ၁၆ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သတင်းနဲ့ပြန်ကြားရေးကော်မတီကို ဂျူလိုင် ၁၄ ရက် ပြီးခဲ့တဲ့အင်္ဂါနေ့က ပြန်လည်ဖွဲ့စည်းခဲ့ပြီး တာဝန်ခံအဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စမ်းချောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ် စားလှယ် ဦးခင်မောင်ဆွေကို ခန့်အပ်ခဲ့တယ်လို့ သိရှိရပါတယ်။

ပါတီရဲ့ပြန်ကြားရေးလုပ်ငန်းနဲ့ မူဝါဒတွေနဲ့ပတ်သက်လို့ မြန်မြန်ဆန်ဆန် ဖြန့်ချိနိုင်အောင် အခုလို ပြန်လည်ဖွဲ့စည်းခဲ့တာဖြစ်တယ်လို့ ဦးခင်မောင်ဆွေက ပြောပါတယ်။ "ပြန်လည်ဖွဲ့စည်းရတဲ့အကြောင်းကတော့ ဒီ ပြန်ကြားရေးကို တာဝန်ယူထားတဲ့ပုဂ္ဂိုလ် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှစ်ယောက်စလုံးက နေမကောင်းဖြစ်ကြတဲ့အခါမှာ ဒီအဖွဲ့ကိုပိုပြီးထိရောက်စွာနဲ့ သတင်းတွေကို မြန်မြန်ဆန်ဆန်နဲ့ထုတ်နိုင်အောင် ဆိုပြီးတော့ကာ ဥက္ကဋ္ဌကိုယ်စားတာဝန်ပေးလို့ ပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီမှာ အဖွဲ့ဝင် ၇ ဦးနဲ့ ကျနော်ဖွဲ့ထားပြီးတော့ကာ ကျောရိုးအားဖြင့်တော့ ရွှေဂုံတိုင်ကြေညာစာတမ်းပါ မူတွေအတိုင်းဘဲ မူဘောင်ထဲကနေပြီးတော့ ပြန်ကြားရေးလုပ်ငန်းကို ဆက်လုပ်သွားဘို့ ရည်ရွယ်ချက်နဲ့ဖွဲ့တာဖြစ်ပါတယ်။"

အဖွဲ့ဝင်တွေအဖြစ် ဦးဉာဏ်ဝင်း၊ ဦးအုန်းကြိုင်၊ ဦးသိန်းညွန့်၊ ဦးစိန်လှဦး၊ ဦးဟံသာမြင့်နဲ့ ဒေါက်တာဝင်းနိုင်တို့ ပါဝင်ကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တရားဝင်ထုတ်ပြန်ချက်တွေနဲ့ပတ်သက်ပြီး သတင်းဌာနတွေရဲ့မေးမြန်းချက်တွေကို ပြန်ကြားရေးအဖွဲ့ဝင်တွေကသာ အဓိက တာဝန်ယူပြောဆိုသွားမှာဖြစ်တယ်လို့ ဦးခင်မောင်ဆွေကပြောပါတယ်။

"အခုလို ဗဟိုပြန်ကြားရေးအဖွဲ့ကို ဖွဲ့လိုက်ခြင်းအားဖြင့် ထိပ်ပိုင်းခေါင်းဆောင်ကစပြီးတော့ အောက်ခြေအဖွဲ့ဝင်အထိ ဘယ်သူ့ကိုမှ ပြန်ကြားရေးနဲ့ပတ်သက်လို့ သီးခြားလွတ်လပ်စွာ ပြောခွင့်မရှိဘူးဆိုတဲ့ သဘောမျိုးမဟုတ်ပါဘူး။ ထိပ်ပိုင်းခေါင်းဆောင်တွေအပါအဝင် အဖွဲ့အစည်းအဆင့်ဆင့်မှာရှိတဲ့ ခေါင်းဆောင်များ၊ မြို့နယ်အဖွဲ့ဝင်အထိ သူတို့ရဲ့လွတ်လပ်စွာ ဖြေကြားခွင့်ရှိပါတယ်။

သို့သော်လည်းဘဲ ပြန်ကြားရေးကိုဦးဆောင်နေတဲ့ ဒီအဖွဲ့ကသာလျှင် အဖွဲ့ချုပ်ရဲ့သဘောထားကို ထင်ဟပ်ပြီးတော့ကာ တရားဝင်ဖြေကြားမှာဖြစ်ပါတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ သူတို့ကြိုက်သလိုဖြေနိုင်ပါတယ်။ အဲဒီလိုဖြေတဲ့အတွက် ဖြေကြားမှုအပေါ် ဖြေတဲ့သူတွေကသာလျှင် ဒီကိစ္စကိုတာဝန်ခံပြီး ဖြေကြားမှာဖြစ်ပါတယ်။ ဒီအတွက် အဖွဲ့ချုပ်က တာဝန်ခံမှာမဟုတ်ပါဘူး။"

အဲန်အဲယ်လ်ဒီသတင်းနဲ့ပြန်ကြားရေးတာဝန်ခံ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေဟာ ၂၀၀၈ ခုနှစ်မှ စစ်အစိုးရအကျဉ်းထောင်ကနေ လွတ်လာခဲ့သူတဦးဖြစ်ပါတယ်။ ထောင်ဒဏ်နှစ်ကြိမ်ကျခံခဲ့ရပြီး ဒုတိယအကြိမ်မှာတော့ ၁၅ နှစ်နီးပါး ထောင်ထဲမှာနေခဲ့ရပါတယ်။

နိုင်ငံပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 442 July 19, 2009



# အပစ်ရပ်အဖွဲ့နဲ့ပတ်သက်ပြီးကြားဝင်ပေးဘို့ ဗိုလ်ခင်ညွန့်ကို နအဖစစ်အုပ်စုညှိနှိုင်း

**RFA ၊ ဂျူလိုင် ၁၃ ။** ။ အပစ်အခတ်ရပ် တိုင်းရင်းသားများအရေးနဲ့ ပတ်သက်ပြီး အဖမ်းဆီးထိန်းသိမ်းခံနေရတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ကြားဝင်ဆောင်ရွက်ပေးဘို့ စစ်အုပ်စုကညှိနှိုင်းနေကြောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ပတ်သက်သူများ အသိုင်းအဝိုင်းက ပြောဆိုပါတယ်။

အခုလိုညှိနှိုင်းရာမှာ စစ်အုပ်စုဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးကိုယ်တိုင် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံကို ပြီးခဲ့တဲ့လတွေအတွင်းက နှစ်ကြိမ်တိုင်တိုင် လာရောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်ဘက်က အဖြေတစုံတရာပေးခြင်း မရှိသေးဘူးလို့လဲ သိရပါတယ်။ စစ်အုပ်စုအဆိုပြုထားတဲ့တပ်များ နယ်ခြားစောင့်တပ် အသွင်ပြောင်းလဲရေးအဆိုကို အပစ်အခတ်ရပ်အဖွဲ့တွေအနက် အင်အားကြီးတဲ့အဖွဲ့အားလုံးက ငြင်းပယ်ထားပါတယ်။

အခုလို ငြင်းပယ်တာကြောင့်UWSA ဝ ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ အပြင် KIO အဖွဲ့ အပါအဝင် ကိုးကန့်အဖွဲ့၊ မိုင်းလားအဖွဲ့အပြင် ရှမ်းပြည်တပ်မတော် မြောက်ပိုင်းအဖွဲ့တွေကို စစ်အစိုးရအရာရှိများ တကြိမ်မကလာရောက်စည်းရုံးပေမယ့် သဘောတူညီချက်မရခဲ့ဘူးလို့ အပစ်ရပ်တိုင်းရင်းသားအဖွဲ့ သတင်းရပ်ကွက်က ပြောဆိုပါတယ်။

ဒီ့အပြင် အပစ်ရပ်အဖွဲ့တွေအနေနဲ့လည်း ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ကြားဝင်ခိုင်းနေတာနဲ့ပတ်သက်ပြီး သတင်းများရရှိတယ်လို့ ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်–မြန်မာနယ်စပ် စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောကတော့ စစ်အစိုးရဟာ လူမျိုးစုများကိုထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေတယ်လို့ အခုလိုဝေဖန်ပါတယ်။

"သိတဲ့အတိုင်းဘဲ၊ ခုနကပြောတဲ့ ဝ တို့၊ ကိုးကန့်တို့ ဘာတို့မှာ ဗိုလ်ခင်ညွန့်နဲ့ဆက်ဆံရေး တချိန်ကအင်မတန်ကောင်းခဲ့တာရှိတာကိုး။ အဲဒီတော့ အဲဒီဟာကိုအကြောင်းအချက်ယူပြီး ဗိုလ်ခင်ညွန့်ကိုကြားဝင်ပြီးတော့ လုပ်ခိုင်းဘို့ သူတို့ အဲဒီသဘောမျိုးတော့ စဉ်းစားပုံရတယ်။ ဒါပေမယ့် တကယ်တော့ လက်တွေ့မှာ လုပ်နိုင်မှာမဟုတ်ဘူး။

ဒါပေမယ့် ဒီလူမျိုးစုတွေကြားမှာ တောင်ထင်မြောက်ထင် ထင်အောင်တော့ အဲဒီလိုပေါ့ဗျာ၊ ဗိုလ်သန်းရွှေရဲ့ psy war နည်းတွေပေါ့ဗျာ။ အဲဒီလိုသုံးပြီးတော့ ဗိုလ်ခင်ညွန့်ကို အခုပွဲထုတ်တယ်။ သူ့ဆရာဖြစ်တဲ့ဦးတင့်ဆွေရဲ့မိန်းမ နာရေးမှာ ပွဲထုတ်တာ တဖြည်းဖြည်းနဲ့ အပြင်ထုတ်လာလို့ရနိုင်တယ်။ ဒါပေမယ့် ဗိုလ်ခင်ညွန့် သူလုပ်လိမ့်မယ်လို့ မထင်ဘူး။

ဘယ်လိုဘဲဖြစ်နေဖြစ်နေ ဗမာအစိုးရက ဒီအခြေအနေကို ကျနော်တို့လူမျိုးစုရဲဘော်တွေ သဘောသိပ်မပေါက်နိုင်တဲ့အောက်မှာ ဗိုလ်ခင်ညွန့်ဘဲ ပြန်ပွဲထုတ်တော့မလိုလို ဘာလိုလိုနဲ့ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တဲ့ကိစ္စတွေဖြစ်တယ်။"

ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ပြီးခဲ့တဲ့ဂျူလိုင်လ ၅ ရက်နေ့က စက်မှု ၁ ဝန်ကြီးဟောင်း ဗိုလ်မှူးချုပ်တင့်ဆွေရဲ့ဇနီး ဒေါ်ခင်စန်းရဲ့ဈာပနကို လာရောက်တာတွေ့ရှိတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေသလို နေပြည်တော်ကိုခေါ်ပြီး ဆွေးနွေးတာမျိုးတွေလည်း ရှိတယ်ဆိုတဲ့ သတင်းတွေလည်း နေပြည်တော်နဲ့နီးစပ်သူတွေက ပြောဆိုပါတယ်။





1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER